# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ယောက်ျားအာဇာနည်**

ယောက်ျားအာဇာနည်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောက်ျားအာဇာနည်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည်ယောက်ျားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။ **ဗုဒ္ဓဝင်(ဓမ္မပဒ-၁၉၃)**


၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၈ ရက်၊ သောကြာနေ့။ Friday 20 July 2018 ၉၃၅၃




(၇၁)နှစ်မြောက် အာဇာနည်နေ့တွင် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



(၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူးကုသိုလ်ပြု အမှုပေးဝေ

**နေပြည်တော် ဇူလိုင် ၁၉**

(၇၁)နှစ်မြောက် အာဇာနည်နေ့တွင် နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး ကုသိုလ်ပြုအမှုပေးဝေခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ တက်ရောက်ကြသည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီးဒေါ်ငွေးရီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

## (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပ

### ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့သတိရသောအားဖြင့် ပြည်သူလူထုများက အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြု

ရန်ကုန် ဇူလိုင် ၁၉

**၂၀၁၈ ခုနှစ် (၇၁) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ကျင်းပရာ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်သူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ ဗိုလ်ချုပ်အောင်ဆန်း၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချဂါရဝပြုပြီး မေတ္တာပို့သအမှုပေးဝေသည်။**

၂၀၁၈ ခုနှစ်(၇၁)နှစ်မြောက်အာဇာနည်နေ့အခမ်းအနားသို့ ၂၀၁၈ ခုနှစ်(၇၁)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေး ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေး ဗဟိုကော်မတီ **စာမျက်နှာ ၆ ကော်လံ ၁ သို့ ○**

### ရာနှုန်းပြည့်မိုး (၂၀-၇-၂၀၁၈)

**နေပြည်တော်**

မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်**

မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။


(၇၁)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အခမ်းအနား နတ်မောက်မြို့တွင် ကျင်းပ — စာမျက်နှာ - ၉

အာဇာနည် ပုဂ္ဂိုလ်များနဲ့ နွယ်ကြိုးတစ်ကိုက်စာ — စာမျက်နှာ - ၁၀

(၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ရန်ကုန်မြို့ရှိ NLD ဌာနချုပ်၌ ကျင်းပ — စာမျက်နှာ - ၁၃



C B BANK

SME LOAN

- CGI LOAN (အာမခံပစ္စည်းမဲ့ချေးငွေ)
- JICA TSL LOAN (ကာလရှည်ရင်းနှီးမြုပ်နှံခြင်းချေးငွေ)
- CB - KfW LOAN (ပုံသေပိုင်ရင်းနှီးမြုပ်နှံခြင်းချေးငွေ)
- TERM LOAN (လုပ်ငန်းလည်ပတ်ငွေအတွက်ချေးငွေ)

SME လုပ်ငန်းများပိုမိုတိုးတက်ဖို့ CB Bank မှ SME LOAN ကိုရယူစို့.....

Contact Us : (95-1) 371150, (95-1) 2317906 enterprise.dept@cbbank.com.mm

## ကြေးမုံ

# ကမ္ဘာမြေကို ဝိုင်းဝန်းစောင့်ရှောက်

ကမ္ဘာဦးလူသားတို့သည် အစဦးမူလက ပီတိဖြင့် အလိုဆန္ဒပြီးစီးကြ၏။ ထို့နောက် အာဟာရပြီးသော မြေဆီအရသာတို့ကို စားသုံးကြ၏။ အဆင်းလှ၊ အဆင်းမလှရှိကုန်၏။ အဆင်းလှသူတို့က အဆင်းမလှသူတို့ကို အလွန်မာန်တက် မထီမဲ့မြင်ပြုကုန်၏။ ထိုအခါ မြေဆီအရသာလည်းပျောက်၊ မြေဆီလွှာလည်း ကွယ်ပျောက်၏။ ထို့နောက် အလိုလိုပေါက်သော သလေးဆန်ပေါ်လာ၏။ မွှေးကြိုင်အနံ့ရှိသည့် ထမင်းဖြစ်လာ၏။ ထိုထမင်းကို စားသုံးသောအခါ ကာမဂုဏ်အာရုံတို့ ဖြစ်လာပြီး လောဘ၊ ဒေါသ၊ မောဟ စသည့် ညစ်နွမ်းသော တရားများ ဖြစ်လာသည်ဟု ဝိသုဒ္ဓိမဂ် အစရှိသည့် ကျမ်းဂန်တို့၌ ဖော်ပြထား၏။

ကမ္ဘာမြေတည်သည်နှင့် လူသားတို့အတွက် ကမ္ဘာမြေမှ စားစရာ၊ နေစရာ စသည်ဖြင့် လိုသမျှဖြည့်ဆည်းပေးခဲ့သည်မှာ ယနေ့ထက်တိုင် ဖြစ်သည်။ ယင်းတို့ကို အကြောင်းပြု၍ လောဘ၊ ဒေါသ၊ မောဟ ကိလေသာတရားများ ဖုံးလွှမ်းခဲ့သည်မှာ ကမ္ဘာဦးအစမှ ယနေ့ထက်တိုင် ဖြစ်၏။ လူသားတို့၏ လိုအပ်ချက်အဝဝတို့အတွက် လောဘမှာ အတောမသတ်နိုင်။ လူသားတို့၏ လိုအင်ဆန္ဒများမှာ ပြည့်သည်ဟူ၍မရှိ၊ အခါမလပ် ကမ္ဘာမြေမှပင် ထုတ်ယူဖြည့်ဆည်းလျက်ရှိသည်။

ယခုအခါ ကမ္ဘာမြေပတ်ဝန်းကျင်သည် ပျက်စီးယိုယွင်းလျက်ရှိသည်။ လူတို့၏ ဖျက်ဆီးမှုကြောင့် ကမ္ဘာမြေဝန်းကျင် ပျက်ယွင်းမှုမှာ တစ်စတစ်စ ကြီးထွားလာသည်။ အထူးသဖြင့် သစ်တောသစ်ပင်များ၊ မြေဆီလွှာများ ပျက်စီးမှုမှာ အဆိုးရွားဆုံးဖြစ်သည်။ အကျိုးဆက်အဖြစ် ရာသီဥတုပြောင်းလဲမှုကို ဖြစ်စေသည်။ ရာသီဥတုပြောင်းလဲမှုသည် ယခုအခါ တစ်ကမ္ဘာလုံးရှိလူသားများကို ခြိမ်းခြောက်နေသည်။ အာရှနှင့် အာရှ-ပစိဖိတ်ဒေသ ပါဝင်သည့် အာဆီယံနိုင်ငံများသည်ပင် ရာသီဥတုပြောင်းလဲမှုဒဏ်ကို အခံစားရဆုံးဖြစ်လာသည်။

ရာသီဥတုပြောင်းလဲခြင်း အကျိုးဆက်ဖြစ်သည့် သဘာဝဘေးအန္တရာယ်များဖြစ်သော မီးခိုးငွေ့များပျံ့လွင့်ခြင်း၊ တောမီးလောင်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ မိုးခေါင်ခြင်း၊ အပူလှိုင်းဖြတ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း စသည့် ဖြစ်စဉ်များနှင့် ကြုံတွေ့နေရသည်။ မကြာသေးမီရက်ပိုင်းအတွင်းက ဂျပန်နိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းကာ ရေကြီးမှုဖြစ်စဉ်ကြောင့် လူ ၂၀၀ နီးပါး အသက်ဆုံးရှုံးပြီး အမြောက်အမြား ဘေးဒုက္ခရောက်ခဲ့ကြသည်။ ထိုသို့ ရေဘေးဒုက္ခရောက်၍ ရက်ပိုင်းအတွင်းမှာပင် အပူလှိုင်းကျရောက်ပြီး လူသေဆုံးမှု၊ မမာမကျန်းဖြစ်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။

ရာသီဥတုပြောင်းလဲမှုသည် သစ်တောများ ပျက်စီးခြင်းကြောင့် အဓိကဖြစ်သည်။ အရှေ့တောင်အာရှရှိ သစ်တောများဖုံးလွှမ်းမှုမှာ ယခုအခါ သိသာစွာလျော့ကျလာသည်။ ထို့ကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံအခြေအနေနှင့်သင့်လျော်သည့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေး အစီအစဉ်များကို ချမှတ်ဆောင်ရွက်နေသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်အတွင်း နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်းကို ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများ ဖွဲ့စည်းခြင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ ဖွဲ့စည်းခြင်းကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းရောက်ရှိစေရန် ဆောင်ရွက်နေသည်။ သစ်တောများ ပြန်လည်တည်ထောင်ခြင်းကို ပြီးခဲ့သည့်နှစ်မှစ၍ ၁၀ နှစ်စီမံကိန်း ဆောင်ရွက်နေသည်။ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနိုင်ငံများနှင့်အတူ သဘာဝပတ်ဝန်းကျင် မပျက်စီးရေးအတွက် သစ်တောများ ပြုစုပျိုးထောင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နေချိန်တွင် တရားမဝင်သစ်ခုတ်လှဲမှုများ၊ ထုတ်ယူမှုများ၊ ဖျက်ဆီးမှုများကို ထိထိရောက်ရောက် တားဆီးကာကွယ်တိုက်ဖျက်သွားနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကမ္ဘာမြေသည် လူသားများ အသက်ရှင်ရပ်တည်ရေးအတွက် ကမ္ဘာတည်ကတည်းက အကျိုးပြုလာခဲ့သလို ကမ္ဘာ့လူသားများကလည်း ကမ္ဘာမြေ၊ ကမ္ဘာ့ပတ်ဝန်းကျင် မပျက်စီးအောင် ဂရုပြုကြရမည်ဖြစ်သည်။ သို့မှသာ သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းကြောင့် ပေါ်ပေါက်လာသည့် ရာသီဥတုပြောင်းလဲမှု၏ နောက်ဆက်တွဲအန္တရာယ်များမှ လျော့နည်းသက်သာစေမည်ဖြစ်သည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# စက်မှုဝန်ကြီးဌာန၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၉**
စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယမန်နေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန၏ ရုံးအမှတ် (၃၀)၊ (၃၇)နှင့်(၄၁) ပတ်ဝန်းကျင်တို့တွင် ကျင်းပသည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပိတောက်ပင်ကို စိုက်ပျိုးပေးပြီး အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးတို့က သတ်မှတ်နေရာများ၌ ခရေ၊ ပျဉ်းမ၊ ကံ့ကော်၊ ပုန်းညက်ပင်တို့ကို စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ယနေ့ စက်မှုဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပိတောက်၊ ခရေ၊ ပျဉ်းမ၊ ကံ့ကော်၊ ပုန်းညက်၊ ကျွန်း၊ မဟော်ဂနီ၊ စိန်ပန်းဝါနှင့် ပျဉ်းကတိုးပင် စုစုပေါင်း ၂၉၅ ပင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တွင် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၉**
မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပွဲကို ယနေ့ နံနက် ၇ နာရီခွဲတွင် မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ ခင်ဇော် တက်ရောက်အားပေး၍ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများနှင့်အတူ ကျွန်းပင် ၅၀၀ နှင့် အရိပ်ရလေကာပင် ၁၀၀ စုစုပေါင်း အပင် ၆၀၀ စိုက်ပျိုးပေးခဲ့ကြသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် ဖိတ်ကြားထားသော ဧည့်သည်များသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘောလုံးကွင်းပတ်လည်တွင် ယခင်နှစ် မိုးရာသီက စုပေါင်းသစ်ပင်စိုက်ပွဲ ကျင်းပ၍ စိုက်ပျိုးခဲ့သော ကျွန်းပင် ၈၀၀ ၏ ရှင်သန်ဖြစ်ထွန်းမှုကို ကြည့်ရှုခဲ့ကြသည်။ **ကြေးမုံ**

# ညောင်လေးပင်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

**ညောင်လေးပင် ဇူလိုင် ၁၉**
ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၁၈ ရက်က ကွင်းဒလလေးကျေးရွာ သီရိမင်္ဂလာအင်းဝိုင်းတောရကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်မျိုး၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်ညွန့်၊ ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်လင်းတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်သည်များကို ဦးဆောင်ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးလက်နေပြည်သူများက ဘိုးဘွားစဉ်ဆက် လုပ်ကိုင်လာသည့် ကိုင်းမြေများ ပုံစံ (၇) မရှိသည့်အတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်မရသဖြင့် ပုံစံ(၇) ရရှိရေးကိစ္စ၊ ကျွန်းစုကျေးရွာ မီးလင်းရေးကိစ္စ၊ ပညာရေးနှင့်ပတ်သက်၍ အပြောင်းအရွှေ့ကိစ္စနှင့် ဝန်ထမ်းအင်အားနည်းပါးနေသည့်ကိစ္စ၊ ကျေးလက်ဆေးပေးခန်း ထပ်ချဲ့ပေးရန်ကိစ္စ၊ အင်းကိစ္စ၊ ရေမြောင်းကိစ္စနှင့် လမ်းရေဝပ်သည့်ကိစ္စ စသည့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို မေးမြန်းဆွေးနွေးရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဟောပြော

**ခနောဖြူ ဇူလိုင် ၁၉** သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြောပွဲကို ခနောဖြူမြို့နယ် ရေတွင်းကုန်းကျေးရွာ အောင်ချမ်းသာဘုန်းတော်ကြီးကျောင်း၌ ဇူလိုင် ၁၈ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ထွန်းစိုးသိန်းက သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး၊ မအူပင်ခရိုင် အမှတ် ၈၂ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ရဲအုပ် ဇော်ဇော်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် မြို့နယ်ပညာရေးမှူး ဦးသိန်းဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် ယာဉ်ထိန်းရဲများက ခနောဖြူလမ်းဆုံမီးပွိုင့်တွင် ကျောင်းသားကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လက်တွေ့သရုပ်ပြလေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။

**အောင်သူဟိဏ်း(ပြန်/ဆက်)**

ကြေးမုံ
**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 ၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၃၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၃၃၅၅



*** ရှေ့ဖုံးမှ**

ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ၎င်းတို့၏ ဇနီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

**ဆက်ကပ်လှူဒါန်း**

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် ခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တကဝိသာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် စျေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကဝိသာရထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီးဒေါ်ဌေးရီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီးဒေါ်အေးသီတာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးကျော်တင့်ဆွေနှင့် ဒေါက်တာအောင်သူ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ၎င်းတို့၏ဇနီးများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**အမျှပေးဝေ**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်ဩဝါဒါစရိယ စျေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ သံဝေဂကထာတရားနာယူကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူးကာ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် ဧည့်ပရိသတ်များသည် နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ နှစ်မိနစ်ငြိမ်သက်ဂါရဝပြုကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**



**ကုသိုလ်ပြု အမျှပေးဝေ**

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချိုတို့ (၇၁)နှစ်မြောက် အာဇာနည်နေ့တွင် နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူးကုသိုလ်ပြု အမျှပေးဝေစဉ်။**

# (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားနှင့် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲ စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ ဇူလိုင် ၁၉**

(၇၁) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အခမ်းအနားနှင့် စာစီစာကုံး၊ ဆောင်းပါး၊ ပန်းချီ၊ ကာတွန်းနှင့် ကဗျာရွတ်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အဖွင့်အမှာစကား ပြောကြားပြီး စစ်တွေတက္ကသိုလ် သမိုင်းဌာနမှူး ပါမောက္ခဒေါက်တာကျော်ဝင်းဦးက အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းကြောင်းအား ဂုဏ်ပြုဟောပြောသည်။ ထို့နောက် အာဇာနည်နေ့ ဂုဏ်ပြုဗီဒီယိုမှတ်တမ်းကို ပြသပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ကျဆုံးသွားသော အာဇာနည် ခေါင်းဆောင်ကြီးများအား အလေးပြုကာ ဝမ်းနည်းခြင်း အထိမ်းအမှတ် နှစ်မိနစ်ငြိမ်သက်ကြသည်။

ဆက်လက်၍ ကျဆုံးသွားသော အာဇာနည် ပုဂ္ဂိုလ်ကြီးများအား ဂုဏ်ပြုသောအားဖြင့် 'အလေးပြုပါသည်' သီချင်းနှင့် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် မိန့်ခွန်းဗီဒီယိုမှတ်တမ်းတို့ကို ပြသသည်။ ထို့နောက် ကဗျာရွတ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသော ကျောင်းသား ကျောင်းသူများက ဆုရကဗျာများကိုရွတ်ဆိုကြပြီး (၇၁) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ဆောင်းပါး၊ ပန်းချီ၊ ကာတွန်းနှင့် ကဗျာရွတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်ပြီး အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ စစ်တွေမြို့ပေါ်ရှိ ထေရ်ကြီး၊ ဝါကြီး သံဃာတော်အရှင်မြတ်ကိုးပါးတို့အား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် မေတ္တာပို့အမျှဝေခြင်းတို့ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# တောင်ကြီးမြို့၌ အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ နေ့ဆွမ်းဆက်ကပ်

**တောင်ကြီး ဇူလိုင် ၁၉**

(၇၁)နှစ်မြောက် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် တောင်ကြီးမြို့ အတုလမာရဇိန် ဆုတောင်းပြည့်ဘုရား မြို့လယ်ဓမ္မာရုံ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အခမ်းအနားတက်ရောက်လာသည့် ဧည့်သည်တော်များက သံဃာတော်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်ဇနီးတို့က သံဃာတော်များအား လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြေ၁**

# (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားနှင့် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲ ထားဝယ်မြို့၌ ကျင်းပ

**ထားဝယ် ဇူလိုင် ၁၉**

(၇၁)နှစ်မြောက် အာဇာနည်နေ့ အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၅ နာရီခွဲတွင် ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးက သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် (၇၁)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို နံနက် ၉ နာရီတွင် မြို့တော်ခန်းမ၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက (၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ရုံးအနီးတွင် အသစ်တည်ဆောက်ထားသော အာဇာနည်ကျောက်တိုင်ရှေ့တွင် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေချခြင်းနှင့် အလေးပြုခြင်းအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ ဌာနဆိုင်ရာရုံးများ၊ နိုင်ငံရေးပါတီများ၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာရုံးများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

**ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ ရပ်ကွက်(၁) အာဇာနည်ကျောက်တိုင်ကွင်း၌ ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီက (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပစဉ်။**

ဇာဏီအောင်(လားရှိုး)



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူး၍ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်

**ရန်ကုန် ဇူလိုင် ၁၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း အမှတ်(၅၄) နေအိမ်၌ ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကိုရည်စူး၍ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အဆိုပါ ဆွမ်းဆက်ကပ်လှူဒါန်းပွဲသို့ အရှင်ဝီရိယ(ဓမ္မဘေရီ) တောင်စွန်းဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော် ၁၅ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး၊ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့်ဇနီး၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့်ဇနီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦးနှင့်ဇနီး၊ ဆွေမျိုးမိတ်သင်္ဂဟများ တက်ရောက်ကြသည်။

ရှေးဦးစွာ အရှင်ဝီရိယ(ဓမ္မဘေရီ) တောင်စွန်းဆရာတော်ထံမှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။**(ယာပုံ)**

ထို့နောက် ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက ရေစက်သွန်းချအမျှပေးဝေကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

**သတင်းစဉ်**





# အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အောက်မေ့ဖွယ်ရာ ဘာသာပေါင်းစုံ ဆုတောင်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

(၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အောက်မေ့ဖွယ်ရာ ဘာသာပေါင်းစုံ ဆုတောင်းပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘာသာပေါင်းစုံမှ တာဝန်ရှိသူများသည် ဗိုလ်ချုပ်အောင်ဆန်းကို အောက်မေ့သတိရခြင်း အထိမ်းအမှတ်အဖြစ် နှစ်မိနစ်ငြိမ်သက်ဂါရဝပြုကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူအဖွဲ့ချုပ်၏ ဟိန္ဒူအမျိုးသမီးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဆူဂန်သီး၊ အစ္စလာမ်ဓမ္မဗိမာန် ဦးဆောင်ဆော်သြရေးမှူး အယ်လ်ဟာဂျ် ဦးအေးလွင်၊ မြန်မာနိုင်ငံ ဂျူးဘာသာအသင်းခေါင်းဆောင် Sammy Samuels၊ နိုင်ငံလုံးဆိုင်ရာ ဘဟာအီသာသနာအဖွဲ့ချုပ်အဖွဲ့ဝင် ဦးတင်ဇော်မင်း၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ ဒုတိယဥက္ကဋ္ဌ ဂိုဏ်းချုပ်ဆရာတော်ကြီး ဦးမြတ်ဆန်းတို့က မေတ္တာစကားများပြောကြားကြပြီး ကိုးကွယ်ရာဘာသာများအလိုက် ဆုတောင်းမေတ္တာပို့သကြသည်။

ဆက်လက်၍ သိက္ခာတော်ရဆရာ ဦးကျော်ညွန့်က ဆုတောင်းစကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပရိသတ်များက ဓမ္မဂုဏ်တော်ချီးမွမ်းပြီး ဖာသာရ်အက်ဒ်ဝပ်စိန်မြင့်က ကောင်းချီးမင်္ဂလာပေး၍ ဆုတောင်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ဆုတောင်းပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တက်ရောက်လာကြသည့် အဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ဆုတောင်းပွဲသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်မေယဉ်ထွန်း၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့်ဇနီး ဒေါ်လွင်မေသိန်း၊ ဘာသာပေါင်းစုံမှ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

## (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား လွိုင်ကော်မြို့၌ ကျင်းပ

**လွိုင်ကော် ဇူလိုင် ၁၉**

(၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီက လွိုင်ကော်မြို့ သီရိမင်္ဂလာတောင်တော် တောင်ကွဲစေတီရှေ့ရှိ အာဇာနည်ကျောက်တိုင်ကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စုစုပေါင်းအင်အား ၂၀၀၀ ခန့်က နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဥဩဆွဲချိန် နှစ်မိနစ်ခန့် ငြိမ်သက်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ကယားပြည်နယ် ဝန်ကြီးချုပ်နှင့်ဇနီးနှင့် အခမ်းအနားတက်ရောက်လာသူများက ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအတွက် လွမ်းသူ့ပန်းခွေချ ဂါရဝပြုခဲ့ကြကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

## (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ဘားအံမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ဘားအံ ဇူလိုင် ၁၉**

ကရင်ပြည်နယ် ဘားအံမြို့ (၇၁)နှစ်မြောက်အာဇာနည်နေ့ အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီက ဘားအံမြို့ကမ်းနားလမ်းရှိ အာဇာနည်ကျောက်တိုင်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဝန်ကြီးဌာနအလိုက် ဌာနဆိုင်ရာများက ကျဆုံးလေပြီးဖြစ်သော အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေများဖြင့် အလေးပြုကြသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုကူညီရေးအသင်းများ၊ အသင်းအဖွဲ့များ၊ မြို့ပေါ်ရှိ တက္ကသိုလ်ကောလိပ်များ၊ အထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူလူထုများ၊ နိုင်ငံရေးပါတီများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်အသင်းများ စုစုပေါင်း ၉၂၆၃ ဦးကျော်ခန့်က အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်မှန်း၍ လွမ်းသူ့ပန်းခွေချကာ ဝမ်းနည်းခြင်းအထိမ်းအမှတ် နှစ်မိနစ်ငြိမ်သက်ကြသည်။ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဥဩဆွဲပြီး တက်ရောက်လာသူများက ခေတ္တခဏငြိမ်သက်စွာ အလေးပြုကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# နိုင်ငံရဲ့သမိုင်းကိုသတိရမှ နောင်အနာဂတ်ကို ဘာလုပ်ရမယ်၊ ဘာမလုပ်သင့်ဘူးဆိုတာ သင်ခန်းစာယူနိုင်မှာ

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

**ငယ်စဉ်တောင်ကျေး ကလေးဘဝအရွယ်ကပင် နိုင်ငံ့လွတ်လပ်ရေးအတွက် ကလေးပီပီ ပြဒါးရှင်လုံးအစွမ်းဖြင့် ကယ်တင်ရန် စိတ်ကူးခဲ့သည်ဟု တစ်ပိုင်းတစ်စ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိတွင် လှစ်ဟပြခဲ့သူ။ တက္ကသိုလ်ကျောင်းသားဘဝ၊ တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူးတည်းဟူသော နိုင်ငံရေးသမားဘဝ၊ ရဲဘော်သုံးကျိပ်တည်းဟူသော တပ်မတော်၏ ဖခင်ကြီးဘဝတိုင် အဆင့်ဆင့်ဖြတ်သန်းရင်း နိုင်ငံ့လွတ်လပ်ရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့ပြီး ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် အသက် ၃၂ အရွယ်တွင် မသမာသူတို့၏ လုပ်ကြံခဲ့မှုကြောင့် ကျဆုံးခဲ့ရရှာသူ မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည်မှာ ယနေ့ဆိုလျှင် (၇၁)နှစ်မြောက်ခဲ့ချေပြီ။**

ကမ္ဘာ့အလယ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု အချုပ်အခြာအာဏာနှင့် ထည်ဝါခဲ့ရသည်မှာ ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကြောင့်သာ ဖြစ်ပေသည်။

သို့မို့ကြောင့် "အာဇာနည်မျိုး သေရိုးမရှိ"ဆိုသည့်နှယ် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို မြန်မာပြည်သူများက ယနေ့တိုင် မမေ့နိုင်ရှိနေကြဆဲပင်။

၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင်လည်း ပြည်သူလူထုက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့သတိရခြင်းအားဖြင့် အာဇာနည်ဗိမာန်သို့ တစ်ခဲနက် လာရောက်ဂါရဝပြုကြသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်သူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံတော်အဆင့် တာဝန်ရှိသူများကလည်း အစဉ်အလာမပျက် အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုကြရာ မြန်မာ့သတင်းစဉ်က အာဇာနည်နေ့အမှတ်တရ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

### နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

ပြည်သူတွေ ဒီကိုလာဂါရဝပြုတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နိုင်ငံရဲ့သမိုင်းကို သတိရသောအားဖြင့်ပေါ့၊ နိုင်ငံရဲ့သမိုင်းကို သတိရမှလည်း နောင်အနာဂတ်ကို ဘာလုပ်ရမယ်၊ ဘာမလုပ်သင့်ဘူးဆိုတာ သင်ခန်းစာယူနိုင်မှာပါ။

မမေ့ဖို့၊ မေ့ဖို့ဆိုတာ ဒါ အမေ့ကိုပြောစရာမဟုတ်ဘူး။ မမေ့သင့်တဲ့ကိစ္စဆိုရင် ပြည်သူတွေက မေ့မှာမဟုတ်ပါဘူး။ မေ့သင့်တဲ့ကိစ္စဆိုရင်လည်း မေ့သွားမှာပဲ။ အမေတို့အနေနဲ့ မမေ့ရဘူး၊ မေ့ရမယ်ဆိုတာ ပြောပိုင်ခွင့်တော့မရှိပါဘူး။ အားလုံးက တစ်ယောက်ချင်း၊ တစ်ယောက်ချင်း ကိုယ့်ဘာသာကိုယ်ဆုံးဖြတ်ရမှာပါ။ ကိုယ်ဘာကို သတိပြုသင့်တယ်၊ ကိုယ်ဘာကို မှတ်မိနေသင့်တယ်ဆိုတာ။ အရေးကြီးတာ ဘာကိုမေ့ရမယ်။ ဘာကိုသတိရရမယ်ဆိုတာတော့ မှန်မှန်ကန်ကန် ဆုံးဖြတ်ဖို့ဟာက တစ်ယောက်ချင်း၊ တစ်ယောက်ချင်း နိုင်ငံသူနိုင်ငံသားတစ်ယောက်ချင်းရဲ့ တာဝန်ထဲမှာပါတယ်လို့ ဒီလိုပဲထင်ပါတယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

အခုလိုအာဇာနည်နေ့ရောက်တိုင်း မိမိတို့ တိုင်းပြည်လွတ်လပ်ရေးအတွက် ပေးဆပ်သွားတဲ့သူတွေကို အမြဲတမ်းသတိရအောက်မေ့ ဂါရဝပြုလျက်ရှိပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ လမ်းစဉ်အတိုင်း ဆက်လက်ရှေ့ဆက်သွားဖို့ အမြဲတမ်းသန္နိဋ္ဌာန်ချထားပါတယ်။ မျိုးဆက်သစ်တွေအနေနဲ့ မိမိတို့နိုင်ငံရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမှုရရှိရေးအတွက် ခက်ခက်ခဲခဲနဲ့ အသက်စတေးပြီး ဘယ်လိုကြိုးပမ်းခဲ့တယ်ဆိုတာ သိရှိထားဖို့လိုပါတယ်။

### အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

အာဇာနည်နေ့ဆိုတာ ကိုယ့်နိုင်ငံအတွက်အသက်ပေးပြီး ကြိုးပမ်းလုပ်ဆောင်သွားကြတဲ့သူတွေကို ဂုဏ်ပြုတာဖြစ်ပါတယ်။ အာဇာနည်တွေကို လေးစားတယ်၊ ချစ်ခင်မြတ်နိုးတယ်ဆိုရင် သူတို့ပြောဆိုသွားတဲ့၊ ချမှတ်ထားတဲ့ လမ်းစဉ်ကို နောင်လာနောက်သားတွေက လိုက်ပါဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဒီလို လိုက်ပါဆောင်ရွက်ပေးမှလည်း အာဇာနည်တွေကို ချစ်ရာ၊ လေးစားရာရောက်မှာ ဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုတဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေက တိုင်းပြည်ကောင်းစားဖို့အတွက် အသက်ပေး ကြိုးစားသွားကြတယ်။ မျိုးဆက်သစ်တွေအနေနဲ့ သူတို့ချမှတ်သွားတဲ့ လမ်းစဉ်အတိုင်း ကိုယ့်နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်ဆိုတဲ့ အာဇာနည်တွေရဲ့ စကားကို နားထောင်ပြီး သူတို့ဆန္ဒကို ဖြည့်ဆည်းပေးဖို့ တာဝန်ရှိတယ်လို့ ပြောချင်ပါတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

### တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုတဲ့ အာဇာနည်ခေါင်းဆောင်တွေ ကြိုးပမ်းအားထုတ်ခဲ့တဲ့ စည်းလုံးညီညွတ်တဲ့နိုင်ငံ၊ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံဖြစ်အောင် ကျွန်တော်တို့အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြဖို့ ကျွန်တော်မြင်ပါတယ်။ မျိုးဆက်သစ်တွေအနေနဲ့ တိုင်းပြည်ကောင်းအောင် ဘယ်လိုလုပ်မလဲ၊ တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် ဘယ်လိုလုပ်မလဲ၊ တိုင်းပြည်စည်းလုံးညီညွတ်အောင် ဘယ်လိုလုပ်ကြမလဲ၊ ဒါကို ကြိုးစားရမှာ၊ အသိစိတ်ဓာတ်ရှိရှိနဲ့ လုပ်ကြဖို့တော့ လိုတာပေါ့။ တစ်ယောက်တစ်ပေါက် လုပ်နေဖို့မသင့်ဘူးလို့ ကျွန်တော်မြင်ပါတယ်။ အားလုံးညီညွတ်ရင် ဘာပဲဖြစ်ဖြစ် အကုန်တိုးတက်မှာပါပဲ။ သူများနိုင်ငံနဲ့ ယှဉ်ကြည့်ပြီး ကျွန်တော်တို့ဘယ်လိုလုပ်ကြမလဲ စဉ်းစားဖို့လိုပါတယ်။ နောက်တစ်ခုကလည်း အားလုံးညီညွတ်မှုတတဲ့စိတ်လည်း ရှိဖို့လိုပါတယ်။ မျှမျှတတ မဟုတ်ဘဲ ငါလိုချင်တာပဲ ငါအတင်းလုပ်နေမယ်ဆိုရင်တော့ မဖြစ်နိုင်ဘူးလို့ ထင်တယ်လေ။ ကျွန်တော်တို့ကျတော့လည်း အကုန်လုံးကို ဒီလိုပဲ ချိန်ထိုးပြီး ကြည့်ပါတယ်။

### သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို

ဒီကနေ့က (၇၁)နှစ်မြောက် အာဇာနည်နေ့ဖြစ်ပါတယ်။ အာဇာနည်နေ့ အခမ်းအနားကို အခုလိုစည်ကားသိုက်မြိုက်စွာ ပြန်လည်ကျင်းပနိုင်တာကိုပဲ တစ်နိုင်ငံလုံးက တိုင်းရင်းသားပြည်သူတွေကအစ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ ကိုယ်ကျိုးမဖက်ဘဲနဲ့ စွန့်လွှတ်အသက်ပေးသွားမှုကြောင့် နှစ်ပေါင်း ၁၀၀ လောက် ကိုလိုနီဘဝရောက်နေခဲ့ပြီးမှ လွတ်လပ်ခဲ့ပါတယ်။ အချုပ်အခြာအာဏာပိုင်တဲ့ လွတ်လပ်တဲ့နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ဝင့်ထည်စွာရပ်တည်နိုင်ခဲ့ပါတယ်။ သူတို့ဂုဏ်ကျေးဇူးက ကြီးမားလှပါတယ်။ သို့သော်လည်းပဲ နှစ်ပေါင်း (၇၁)နှစ်ဆိုတဲ့ မတိုင်မီကြားကာလတစ်ခုမှာတော့ အာဇာနည်နေ့အခမ်းအနားတွေ အပါအဝင် အာဇာနည်ကြီးတွေရဲ့ ပတ်သက်တဲ့အကြောင်းအရာ အချက်အလက်တွေ မှေးမှိန်ခဲ့တာရှိပါတယ်။ နောက်မျိုးဆက်သစ်တွေကလည်းပဲ အာဇာနည်နေ့အကြောင်းတို့၊ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ အကြောင်းအရာတို့ကို မေ့ပျောက်လာမယ့် အနေအထားမျိုးအထိ ရောက်လာခဲ့ပါတယ်။ ၂၀၁၀ မှာ ဒီမိုကရေစီအစိုးရသစ်ပေါ်ထွန်းလာတဲ့အခါမှာ ဒါကို ပြန်လည်အသက်သွင်းပြီးတော့မှ ကျေးဇူးရှင်အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ အကြောင်းအရာ အတ္ထုပ္ပတ္တိနဲ့ အခမ်းအနားတွေကို နိုင်ငံတော်အဆင့် အခုလိုခမ်းခမ်းနားနား ပြန်လည်ကျင်းပနိုင်ခဲ့ပါတယ်။

တစ်ဖက်ကလည်းပဲ အာဇာနည်ခေါင်းဆောင်ကြီးဖြစ်တဲ့၊ အမျိုးသားခေါင်းဆောင်ကြီးလည်းဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့အတ္ထုပ္ပတ္တိကို လွတ်လပ်ရေးရစကတည်းက ၁၉၅၀-၅၁ လောက်ကတည်းက စတင်ရေးသားခဲ့ပါတယ်။ ရေးသားခဲ့ပြီးတော့မှ ၁၉၅၈ လောက်မှာ ရပ်သွားပြီးတော့ ထုတ်ဝေခွင့်မရခဲ့ပါဘူး။ တောက်လျှောက် ၁၉၅၈-၆၀-၆၂ နောက်တစ်ခါ ၁၉၈၈ နောက်ပိုင်း ထုတ်ဝေခွင့်မရခဲ့ပါဘူး။ မရခဲ့တဲ့အခါကျတော့ ဗိုလ်ချုပ်အတ္ထုပ္ပတ္တိရေးတဲ့ လုပ်ငန်းကြီးကလည်း တစ်ဝက်တစ်ပျက်နဲ့ ဒီလိုပဲ ရပ်တန့်မေ့ပျောက်နေခဲ့ပါတယ်။ အခုဒီမိုကရေစီအစိုးရသစ် ဒုတိယသက်တမ်းတက်လာတဲ့အခါမှာ ကျွန်တော့်အနေနဲ့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တာဝန်ယူရသလိုပဲ ယဉ်ကျေးမှုဘက်က မြန်မာ့သမိုင်းကော်မရှင်အဖွဲ့ရဲ့ ဥက္ကဋ္ဌတာဝန်ကိုလည်း ယူရပါတယ်။ အဲဒီသမိုင်းကော်မရှင်ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းပါတယ်။ ဖွဲ့စည်းပြီးတဲ့အခါမှာ ခုနကသမိုင်းပညာရှင်တွေကနေ တင်ပြကြပါတယ်။ ဗိုလ်ချုပ်အတ္ထုပ္ပတ္တိက ဒီလိုပဲ တစ်ပိုင်းတစ်စနဲ့ချောင်ထိုးထားတာ ရှိပါတယ်တဲ့။ ကောင်းပြီ၊ အဲဒါကို အခုပြန်ဖော်ထုတ်ပေးပါ၊ ပြန်တင်ပေးပါဆိုပြီးမှ ပြီးပြည့်စုံတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့အတ္ထုပ္ပတ္တိသမိုင်းစာအုပ်ကို ပြန်ရေးသားတဲ့အခါမှာ အခုမူကြမ်းက ရာနှုန်းပြည့်ပြီးပါပြီ။ နိုင်ငံတော်အကြီးအကဲထံ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံ တင်ပြထားပါတယ်။ လိုအပ်တဲ့ပြင်ဆင်တည်းဖြတ်မှုတချို့ပြီးလို့ရှိရင် ထုတ်ဝေဖို့အသင့်ရှိနေပါပြီ။ သမိုင်းရှုထောင့်ကရော၊ နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေး၊ ဘက်ပေါင်းစုံရှုထောင့်အမြင်တွေနဲ့ ရေးသားထားတာဖြစ်ပါတယ်။ ပကတိအတိုင်း အရှိအတိုင်းရေးသားပြီးတော့ ဗိုလ်ချုပ်အတ္ထုပ္ပတ္တိထုတ်မယ်ဆိုရင် အဆင်သင့်ဖြစ်တယ်ဆိုတာလည်း ပြောကြားလိုပါတယ်။ ဗိုလ်ချုပ်ရဲ့ အတ္ထုပ္ပတ္တိဟာ ဗိုလ်ချုပ်အောင်ဆန်းတစ်ဦးတည်းကိုပဲ ကိုယ်စားမပြုပါဘူး။ နိုင်ငံအတွက် အသက်ပေးလှူသွားတဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေအားလုံးကို ကိုယ်စားပြုပါတယ်။

တစ်ဖက်ကလည်းပဲ ၂၀၁၂ ခုနှစ်ကတည်းကနေပြီးမှ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ဖို့ လုပ်ငန်းလုပ်ခဲ့တာရှိပါတယ်။ ၂၀၁၂ ခုနှစ်ကတည်းက ဖြစ်ပါတယ်။ ငါးနှစ်ကြာလောက် အကြောင်းကြောင်းကြောင့် ဒီလုပ်ငန်းကလည်း ရပ်ဆိုင်းသွားခဲ့ပါတယ်။ အဲဒီလိုရပ်ဆိုင်းသွားတာကို တာဝန်ပေးချက်အရ ကျွန်တော်ကပဲ ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင်ဖြစ်မြောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌအဖြစ် ပြန်တာဝန်ယူပြီးမှ ရုပ်ရှင်ပညာရှင်များကို လိုအပ်တဲ့ပြင်ဆင်ဖွဲ့စည်းမှုလုပ်ပါတယ်။ ခုထိအစည်းအဝေး ငါးကြိမ်လုပ်ပြီးပါပြီ။ အလှူငွေလည်း ခုလောလောဆယ် ကျပ်သန်းပေါင်း ၁၂၀၀ ကျော်လောက်ရှိပါတယ်။

စာမျက်နှာ ၉ သို့ »»



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

○ (၇၁)နှစ်မြောက်မှ

ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်**

ရှေးဦးစွာ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့သည် အာဇာနည်ဗိမာန် နားနေဆောင်ခန်းမ၌ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

**လွမ်းသူ့ပန်းခွေချ အလေးပြု**

ထို့နောက် ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေးဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ပြည်ထောင်စုဝန်ကြီးများသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေကိုချ၍ အလေးပြုကြသည်။

ယင်းအချိန်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တိုင်ဝက်သို့ လျှော့ချလွှင့်ထူပြီး ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြောက်အလေးပြုပြီး **စာမျက်နှာ ၇ သို့ ❋**



ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ သမီးဖြစ်သူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လွမ်းသူ့ပန်းခွေချ ကန်တော့စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။



ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ သားဖြစ်သူ ဦးအောင်ဆန်းဦးကိုယ်စား တူတော်စပ်သူ ဦးရဲအောင်သန်း လွမ်းသူ့ပန်းခွေချ ကန်တော့စဉ်။



သခင်မြဂူဗိမာန်၌ သခင်မြ၏ မိသားစုများ လွမ်းသူ့ပန်းခွေချ ကန်တော့စဉ်။



ဒီးဒုတ်ဦးဘချိုဂူဗိမာန်၌ ဒီးဒုတ်ဦးဘချို၏ မိသားစုများ လွမ်းသူ့ပန်းခွေချစဉ်။





(၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ် ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေကိုချ၍ အလေးပြုကြစဉ်။

❋ စာမျက်နှာ ၆ မှ

စစ်ခရာအဖွဲ့က ကျဆုံးရဲဘော်အလေးပြုခရာမှုတ်၍ အလေးပြုကြကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ နှစ်မိနစ်ငြိမ်သက်စွာဖြင့် မေတ္တာပို့သအမျှပေးဝေကြသည်။

**မေတ္တာပို့ အမျှပေးဝေ**

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်း၏သားဖြစ်သူ ဦးအောင်ဆန်းဦးကိုယ်စား တူတော်စပ်သူ ဦးရဲအောင်သန်း၊ သမီးဖြစ်သူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များက အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေနှင့် ပန်းခြင်းများချကာ အလေးပြုကြပြီး ဂါရဝပြု မေတ္တာပို့သအမျှပေးဝေကြသည်။

ယင်းနောက် ၂၀၁၈ ခုနှစ် (၇၁) နှစ်မြောက် အာဇာနည်နေ့ကျင်းပရေးဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ အပါအဝင် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

**တစ်ခဲနက်လာရောက်ဂါရဝပြု**

ယင်းနောက် ၂၀၁၈ ခုနှစ် (၇၁) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့သတိရခြင်းအားဖြင့် အာဇာနည်ဗိမာန်သို့ တစ်ခဲနက်လာရောက်ဂါရဝပြုကြသည်။

ယနေ့ ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရာ အာဇာနည်ဗိမာန်သို့ ပြည်သူလူထု ၅၁၀၇၁ ဦး တက်ရောက်ဂါရဝပြုကြသည်။ ထို့အတူ ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ပြည်သူလူထု ၂၀၂၁၃ ဦးနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးရာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး)သို့ ပြည်သူလူထု ၁၉၇၂၆ ဦးတို့ လာရောက်လေ့လာခဲ့ကြသည်။

**သတင်းစဉ်**



ဦးဘဝင်းဂူဗိမာန်၌ ဦးဘဝင်း၏ မိသားစုများ လွမ်းသူ့ပန်းခွေချစဉ်။



မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်းဂူဗိမာန်၌ မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၏မိသားစုများ လွမ်းသူ့ပန်းခွေချရန် လာရောက်စဉ်။



မန်းဘခိုင်ဂူဗိမာန်၌ မန်းဘခိုင်၏ မိသားစုများ လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



မန်းဘခိုင်ဂူဗိမာန်၌ မန်းဘခိုင်၏ မိသားစုများ လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။


ဦးရာဇတ်ဂူဗိမာန်၌ ဦးရာဇတ်၏ မိသားစုများ လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။


ဦးအုန်းမောင်ဂူဗိမာန်၌ ဦးအုန်းမောင်၏ မိသားစုများ လွမ်းသူ့ပန်းခွေချ ကန်တော့စဉ်။


ရဲဘော်ကိုထွေးဂူဗိမာန်၌ ရဲဘော်ကိုထွေး၏ မိသားစုများ လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။


အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။


အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ နိုင်ငံရေးပါတီများ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။


အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။


အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်သူများ အလေးပြုကြစဉ်။


အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လူမှုရေးအဖွဲ့များ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။

# အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ရန်ကုန်မြို့တော်ခန်းမ၌ ဆွမ်းဆက်ကပ်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၉**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ရေစက်သွန်းချ အမျှပေးဝေခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဒေါက်တာကုမာရာဘိဝံသ ထံမှ ဩဝါဒပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များ ချီးမြှင့်သည့် မေတ္တာသုတ်အစရှိသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသ ထံမှ အနုမောဒနာတရားနာယူကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

**သတင်းစဉ်**





သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို

»»» စာမျက်နှာ ၅ မှ

နောင်လိုရင် လိုသလောက် အလှူခံလို့ရပါတယ်။ ဒါရိုက်တာမင်းထင်ကိုကိုကြီးအနေနဲ့ ဇာတ်ညွှန်းကို အခုဇူလိုင်လကုန် ဆဋ္ဌမအကြိမ်မြောက် လုပ်ငန်းကော်မတီအစည်းအဝေးမှာ တင်ပြမှာဖြစ်ပါတယ်။ ဇာတ်ညွှန်းတင်ပြပြီးရင် ရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းများ စတင်လို့ရပြီဆိုတာ ပြောကြားလိုပါတယ်။

သရုပ်ဆောင်မယ့် ကိုကျော်ကျော်မျိုးတို့၊ ဆရာမလေးတို့ကိုလည်း အမျိုးသားဇာတ်ရုံရဲ့ ဝန်ထမ်းအိမ်ရာမှာ နေရာချထားပေးပြီးမှ လိုအပ်တဲ့ လေ့ကျင့်သင်ကြားမှုတွေ လုပ်ပေးနေပါတယ်။ ကိုကျော်ကျော်မျိုးကို မြင်းစီးတာ၊ ဂျပန်စကားပြော၊ အင်္ဂလိပ်စကားပြောတွေကိုလည်း သင်ကြားပေးနေပါတယ်။ ဗိုလ်ချုပ်အတ္ထုပ္ပတ္တိရုပ်ရှင်ကိုလည်း မကြာခင် ဇူလိုင်လကုန် ဩဂုတ်လမှာစပြီး ရိုက်ကူးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ရိုက်ကူးနိုင်သော်လည်း လိုအပ်တဲ့ ဝန်ကြီးဌာနဘက်က သက်ဆိုင်တဲ့၊ ဆက်နွယ်တဲ့ ကာကွယ်ရေး၊ ပြည်ထဲရေး၊ ပြန်ကြားရေး စတဲ့ဝန်ကြီးဌာနတွေနဲ့ အကုန်ချိတ်ဆက်ကာ အတ္ထုပ္ပတ္တိနဲ့ ပတ်သက်ပြီး အထောက်အထားတွေ၊ သမိုင်းအချက်အလက်တွေကို ရှာဖွေထားပါတယ်။ တော်တော်ပြည့်ပြည့်စုံစုံရနေပါပြီ။ ဗိုလ်ချုပ်ရဲ့သမိုင်းက တပ်မတော်ရဲ့သမိုင်းလည်းဖြစ်ပါတယ်။ ဗိုလ်ချုပ်ရဲ့သမိုင်းက မြန်မာနိုင်ငံတော်ရဲ့ သမိုင်းလည်းဖြစ်ပါတယ်။ အရေးကြီးတဲ့ လုပ်ငန်းတာဝန်ကြီးကို အခုလို ထမ်းဆောင်ခွင့်ရလို့လည်း ဝမ်းမြောက်ဂုဏ်ယူပါတယ်။

အာဇာနည်နေ့ကို ပြန်ကောက်ရရင် အာဇာနည်နေ့နဲ့ပတ်သက်ပြီး အခြေခံပညာကျောင်းတွေမှာလည်း အာဇာနည်နေ့နဲ့သက်ဆိုင်တဲ့ စာစီစာကုံးပြိုင်ပွဲတွေ၊ ပန်းချီပြိုင်ပွဲတွေစတဲ့ အထိမ်းအမှတ်ပြိုင်ပွဲတွေကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာနေပါတယ်။ အာဇာနည်နေ့နဲ့ဆက်စပ်ပြီးတော့ အမျိုးသားပြတိုက်(ရန်ကုန်၊ နေပြည်တော်)ကိုလည်း တခမ်းတနားခင်းကျင်းပြသထားတာရှိပါတယ်။ နေပြည်တော်မှာဆိုရင်လည်း အလယ်ပိုင်းဒေသမှာရှိတဲ့ တပ်ကုန်း၊ လယ်ဝေး၊ ပျဉ်းမနား၊ နေပြည်တော်အပါအဝင် မန္တလေး၊ မကွေးတိုင်းဒေသကြီးတွေက ကျောင်းသား ကျောင်းသူတွေကို လာရောက်လေ့လာနိုင်အောင် အစီအစဉ်လုပ်ပေးပါတယ်။ လိုအပ်ရင် ကားအကြို၊ အပို့ လုပ်ပေးပါတယ်။ တစ်နည်းအားဖြင့် အာဇာနည်ပုဂ္ဂိုလ်ကြီးတွေရဲ့ ကြိုးပမ်းမှုကြောင့်ရရှိတဲ့ လွတ်လပ်ရေးရဲ့အသီးအပွင့်နဲ့ ဂုဏ်ကျေးဇူးတွေကို မျိုးဆက်သစ်တွေ သတိတရ တန်ဖိုးထားတတ်အောင် ဝန်ကြီးဌာနအနေနဲ့ အစွမ်းကုန် ကြိုးပမ်းလျက်ရှိကြောင်း ပြောကြားလိုပါတယ်။

**တွေ့ဆုံမေးမြန်း- ခင်မောင်ထွေး၊ ဝင်းဝင်းမော်၊ နန္ဒာဝင်း**
**ဓာတ်ပုံ- ဇော်မင်းလတ်၊ ရဲထွန်း**

# (၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အခမ်းအနား နတ်မောက်မြို့တွင် ကျင်းပ

**နတ်မောက် ဇူလိုင် ၁၉**

ယနေ့ကျရောက်သည့် (၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အခမ်းအနားများကို မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အသီးသီးတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးရပ်ဇာတိဖြစ်သည့် နတ်မောက်မြို့တွင်လည်း အလားတူ ကျင်းပခဲ့သည်။



(၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို နတ်မောက်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးရုပ်တုတည်ရှိရာ မြက်ခင်းပြင်တွင် ယနေ့နံနက်ပိုင်းကကျင်းပရာ ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသည့် မြို့နေလူထုများ၊ ကျေးလက်ပြည်သူများ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြသည်။

ဆက်လက်၍ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများက အာဇာနည်နေ့ အထိမ်းအမှတ် လွမ်းသူ့ပန်းခွေချခြင်း၊ အလေးပြုခြင်းတို့ကို ဆောင်ရွက်ပြီး နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ကျဆုံးလေပြီးသော ဗိုလ်ချုပ် အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများအား အောက်မေ့သတိရခြင်းအားဖြင့် နှစ်မိနစ်ခန့် ငြိမ်သက်ဂါရဝပြုကြသည်။

အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်လာသော ပြည်သူများအား စေတနာရှင် လူမှုအဖွဲ့အစည်းများက စတုဒိသာများ ကျွေးမွေးခြင်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည့် အာဇာနည်နေ့အမှတ်တရ စာအုပ် ၅၀၀ ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက အခမဲ့ဝေငှခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့ကျင်းပသည့် အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုသူ ၃၀၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ထို့ပြင် နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်တွင် လေ့လာကြည့်ရှုသူများနှင့် စည်ကားလျက်ရှိသည်။**(အပေါ်ပုံ)** ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ကို တနင်္လာနေ့နှင့် အစိုးရရုံးပိတ်ရက်မှလွဲ၍ အခြားရက်များတွင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပြသလျက်ရှိပြီး အာဇာနည်နေ့ အခမ်းအနားပြပွဲအဖြစ် ဇူလိုင် ၂၁ ရက်အထိ ပြခန်းပေါင်း ရှစ်ခန်းဖြင့် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဆက်လက် ဖွင့်လှစ်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်သည် ဗိုလ်ချုပ်အောင်ဆန်း ငယ်စဉ်မှစ၍ ကျောင်းသားဘဝ၊ နိုင်ငံရေးလှုပ်ရှားမှု အဆင့်ဆင့်နှင့် ကျဆုံးခဲ့သည့် ဈာပနအခမ်းအနားအထိ မှတ်တမ်းဓာတ်ပုံများကို ပြသထားသည်။ ယခုနှစ်တွင် အာဇာနည်နေ့ အခမ်းအနား၏ ထူးခြားမှုအဖြစ် ဗိုလ်ချုပ်အောင်ဆန်း ငယ်စဉ်ကျောင်းသားဘဝက သင်ကြားခဲ့သည့် ဗိုလ်ချုပ်လက်မှတ်ပါသည့် ကျောင်းသုံးဖတ်စာအုပ်ကို အထူးပြကွက်အဖြစ် ထည့်သွင်းပြသထားကြောင်း သိရသည်။

ထို့ပြင် ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ကြီးများကို ဂုဏ်ပြုပုံဖော်ထားသည့် စပါး-ဖွဲဖြင့် ပြုလုပ်ထားသည့် ပန်းချီကားချပ်ပြခန်းလည်းပါဝင်သည်။ တောင်တွင်းကြီးမြို့နယ်မှ မဇင်ဝင်းနွယ်၏ လက်ရာဖြစ်ပြီး ပြီးခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း၏ နှစ်(၁၀၀)ပြည့် အခမ်းအနားတွင်လည်း မျိုးစေ့များဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ပုံကို ဂုဏ်ပြုပုံဖော်ပေးခဲ့သူ ဖြစ်သည်။

"နတ်မောက်မြို့က ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်မှာ ဗိုလ်ချုပ် မွေးဖွားတာကနေစပြီးတော့ ကျောင်းနေတဲ့အရွယ်၊ တက္ကသိုလ်တက်တဲ့အချိန်၊ နိုင်ငံရေးလုပ်တဲ့အချိန်၊ နောက်ဆုံး ဗိုလ်ချုပ်ကျဆုံးတဲ့အချိန်ထိအောင် ဓာတ်ပုံတွေစုဆောင်းပြီး ပြသခဲ့ပါတယ်။ အခုနှစ်မှာတော့ အရင်နဲ့မတူအောင် ကျောင်းသားကျောင်းသူလေးတွေရဲ့ ဆုရကဗျာ၊ ပန်းချီ၊ ဆောင်းပါးလေးတွေကိုလည်း ပြသပါမယ်။ ဗိုလ်ချုပ်နေအိမ်ကို ၁၉၇၃ ခုနှစ်မှာ ဗိုလ်ချုပ်အမျိုးဖြစ်တဲ့ ဦးအောင်မြင့်သိန်းက နိုင်ငံတော်ကို လှူဒါန်းခဲ့ပါတယ်။ ယဉ်ကျေးမှုဝန်ကြီးဌာနကနေလက်ခံလိုက်ပြီး ထိန်းသိမ်းစောင့်ရှောက်ဖို့ လုပ်ပါတယ်။ အဲဒီလိုလုပ်နေတုန်း ၁၉၇၄ ခုနှစ်မှာ ဗိုလ်ချုပ်နေအိမ်ရှိတဲ့ အောင်ဆန်းရပ်ကွက်မီးလောင်ပြီး ဗိုလ်ချုပ်နေအိမ်လည်း မီးထဲပါသွားခဲ့ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဗိုလ်ချုပ်နေအိမ်ကို သူ့ရဲ့မူရင်းပုံစံအတိုင်း ပြန်လည်တည်ဆောက်ပြီးတော့မှ ၁၉၈၃ ခုနှစ်မှာ ယဉ်ကျေးမှုဝန်ကြီးဌာနကို ပြန်လည်အပ်နှံခဲ့ပါတယ်"ဟု အမျိုးသားပြတိုက်(နေပြည်တော်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းလွင်က ပြောကြားသည်။

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အောင်ဆန်းရပ်ကွက် ဗိုလ်ချုပ်ပြတိုက်လမ်းတွင် ယခင်က ဦးဖာနှင့် ဒေါ်စု လက်ထက်ကတည်းက ဆောက်လုပ်နေထိုင်ခဲ့ပြီး ၁၉၁၅ ခုနှစ်မှ ၁၉၂၉ ခုနှစ်အထိ ဗိုလ်ချုပ်နေထိုင်ခဲ့ကြောင်း သိရသည်။ ဗိုလ်ချုပ်၏ဖခင် ဦးဖာ ကွယ်လွန်ပြီးနောက် ဗိုလ်ချုပ်၏အစ်ကိုဖြစ်သူ ဦးနေအောင်က မိခင် ဒေါ်စုနှင့်အတူ ဆက်လက်နေထိုင်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် ဦးနေအောင် ကွယ်လွန်ပြီးနောက် ၎င်း၏သားဖြစ်သူ ဦးအောင်မြင့်သိန်းက ဆက်လက်နေထိုင်ခဲ့ကာ ၁၉၇၃ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် နိုင်ငံတော်သို့ လှူဒါန်းခဲ့ရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ယူထိန်းသိမ်းပြီး ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်အဖြစ် ပြသထားခဲ့ခြင်းဖြစ်သည်။ **နိုင်လင်းကြည်(ကြေးမုံ)**

# အာဇာနည်ပုဂ္ဂိုလ်များနဲ့ နွယ်ကြိုးတစ်ကိုက်စာ

ဓမ္မဘောရီအရှင်ဝီရိယ
(တောင်စွန်း)

**(၂၀၁၈ ခုနှစ် ဇူလိုင် ၁၉ ရက် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်း ဒေါ်အောင်ဆန်းစုကြည်နေအိမ်တွင် ပြုလုပ်သည့် (၇၁)ကြိမ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ပွဲ၌ ဟောသည့်တရား)**

ကိုယ့်အတွက်ဆိုလို့ လောဘ၊ ဒေါသ စတဲ့ ကိလေသာလျော့ပါးပြီး အသိပညာမြင့်မားရေးကလွဲလို့ ဘာအကျိုးမှ မမျှော်ကိုးဘဲ လောကတိုးတက်ကြီးပွားရေးအတွက် အကြောင်းနဲ့အကျိုးကို အထူးခွဲခြားသိမြင် ကျင့်သုံးကြတဲ့ပုဂ္ဂိုလ်များကိုပဲ "အာဘုသံ ကာရဏာကာရဏံ ဇာနာတီတိ အာဇာနိယော" "အာဘုသံ= အလွန်အမင်း၊ ကာရဏာကာရဏံ= အကြောင်းနဲ့အကျိုးကို၊ ဇာနာတီတိ= သိတတ်တဲ့အတွက်၊ အာဇာနိယော= အာဇာနည်မည်တယ်" လို့ ဆိုရတာပါ။

လယ်တီဆရာတော်ကြီးရဲ့ "ဥတ္တမပုရိသဒီပနီ" ဆိုတဲ့ စာအုပ်က အာဇာနည်ကျင့်စဉ်ကို အပြည့်အစုံ ရေးပြတဲ့စာအုပ်ပါ။ အဲဒီစာအုပ်မှာ အာဇာနည်စိတ်ဓာတ်ကို မျိုးစေ့ချပေးတဲ့တရားနဲ့ အာဇာနည်တို့ကို မွေးဖွားပေးတဲ့ မိဘသဖွယ်တရားတို့ကိုလည်း ဆရာတော်ကြီးက ကောက်ချက်ချပြထားပါတယ်။

အာဇာနည်စိတ်ဓာတ်ကို မျိုးစေ့ချပေးတဲ့တရားကတော့ ဘုရားအလောင်းရဲ့ အစဦးဆုံးဖြစ်စဉ်ကို လေ့လာကြည့်ရင်လည်း သိသာပါတယ်။ ဘုရားအလောင်းအဖြစ် တရားဝင်သတ်မှတ်ခံရတဲ့ သုမေဓာရှင်ရသေ့ရဲ့ ဖြစ်စဉ်မှာ ပထမဆုံး သုမေဓာသူဌေးသားအဖြစ်နဲ့ သုံးမကုန်နိုင်လောက်အောင် များပြားလှတဲ့ စည်းစိမ်ဥစ္စာတွေကို စွန့်လွှတ်ပြီး ရသေ့ပြုခဲ့တာရယ်၊ ဈာန်ရရသေ့အဖြစ်နဲ့ ဒီပင်္ကရာဘုရားရှင်နဲ့ နောက်ပါသံဃာလေးသိန်းတို့ ကြွလာမယ့်လမ်းကို ပြုပြင်ရာမှ နောက်ဆုံးကျန်နေတဲ့ ကိုယ်တစ်လျားစာ ညွန်ဗွက်ကြီးကိုပြီးစီးဖို့ ကိုယ်နဲ့အသက်ကို မငဲ့ကွက်ဘဲ အလျားစင်းပြီး တံတားခင်းပေးခဲ့တာရယ်ကို ကြည့်ပြီး ဒီပင်္ကရာဘုရားရှင်က "အများအကျိုးအတွက် ကိုယ်နဲ့အသက်ကို မငဲ့မကွက် စွန့်လွှတ်နိုင်တဲ့ နိက္ခမ္မဓာတ်ခံအားကြီးသူဟာ ပါရမီခရီးကြမ်းကို ဖြတ်သန်းဖြည့်ကျင့်ပြီး သဗ္ဗညုဘုရားဖြစ်နိုင်လောက်တဲ့ အာဇာနည်ဖြစ်နိုင်တဲ့ယောကျ်ားကောင်းဖြစ်တယ်လို့ သတ်မှတ် ဗျာဒိတ်ပေးတော်မူခဲ့တာပါ။

ဒီလို စွန့်လွှတ်နိုင်စွမ်းရှိတဲ့ စိတ်ဓာတ်ကို ဖြစ်စေတဲ့တရားဟာ

"ကာမတောစ= ပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာဟူသမျှကိုရော၊ ဘဝတောစ= အသက်ခန္ဓာဘဝကိုရော၊ နိက္ခမ္မလက္ခဏံ= ထွက်ခွာကျွတ်လွတ်ခြင်းအမှတ်လက္ခဏာရှိလို့၊ နေက္ခမ္မံ= နိက္ခမမည်တယ်"လို့ ဆိုပါတယ်။ ဒီတရားဟာ အာဇာနည်စိတ်ဓာတ်ကို မျိုးစေ့ချပေးတဲ့တရားပါပဲ။

"အာဇာနည်"ဆိုတာ အကြောင်းနဲ့အကျိုးကို ထူးထူးခြားခြားသိတတ်လို့ ဆိုတဲ့ စကားက အတော်လေးတွေးဆ စဉ်းစားစရာကောင်းတဲ့စကားပါ။

သတ္တဝါအားလုံးလိုလိုဟာ အကျိုးကိုသာ သိတတ်၊ စိတ်ဝင်စားတတ်ကြပြီး အကျိုးကိုပဲ မျှော်လင့်တောင့်တလေ့ရှိကြပါတယ်။ အာဇာနည်ပုဂ္ဂိုလ်တို့ရဲ့ စိတ်ဓာတ်မှာတော့ "အကျိုး" ထက် "အကြောင်း"တရားကိုသာ အထူးသိပြီး စိတ်လည်းဝင်စားတယ်။ လုပ်ဆောင်ရာမှာလည်း ကိုယ့်အတွက်နဲ့ ပတ်သက်ရင် "အကျိုးကောင်းကောင်းရရေး"ထက် "အကြောင်း"ကောင်းရေးကိုသာ ဦးတည်လုပ်ဆောင်ကြသူ ဖြစ်ပါတယ်တဲ့။

ဟုတ်ပါတယ်။ သဗ္ဗညုတဉာဏ်တော်ကြီးကို ရရှိတဲ့အခါ ဝမ်းမြောက်ဝမ်းသာ ကျူးရင့်တဲ့ဥဒါန်းဂါထာမှာလည်း "ဂဟကာရက ဒိဋ္ဌောသိ= ငါဟာ ဒုက္ခရဲ့ အကြောင်းတရားကို ကောင်းကောင်းကြီးသိခဲ့ပြီ"လို့ ကြွေးကြော်တော်မူခဲ့ပါတယ်။ ပုဂံခေတ်မှာလည်း ဒီအကြောင်း ကောင်းကောင်းသိကြပုံ ရပါတယ်။ သိယ်သူ့သမီးကျောက်စာမှာ "ငါသည် အကြောင်းကိုသိသူ ဖြစ်ရလို၏"လို့ ဆုတောင်းထားတာ တွေ့ရပါတယ်။

အာဇာနည်စိတ်ဓာတ် မျိုးစေ့လေးကနေ အာဇာနည်တို့ရဲ့ လုပ်ငန်းဖြစ်တဲ့ ပါရမီ ၁၀ ပါး ပြည့်စုံပြီးမြောက်အောင် မွေးဖွားစောင့်ရှောက်ပေးတဲ့ တရားအဖြစ်နဲ့တော့ သူတစ်ပါးတို့ ကျူးကျူးလွန်လွန် တာဝန်ပြစ်ဖို့သမျှကို ရန်ငြိုးမျက်မာန်တုံ့ပြန်မရှိဘဲ သည်းခံတဲ့ "ခန္တီ"တရားဆိုတဲ့ မိခင်နဲ့ ချီးမြောက်ရှုတ်ချ နှစ်ဌာနလုံးကို အတူအမျှထား လျစ်လျူရှုတတ်ပြီး မိတ်ဆွေနဲ့ရန်သူ မခွဲမခြား တစ်သားတည်းထားနိုင်တဲ့ "ဥပေက္ခာ"တရားဆိုတဲ့ ဖခင်တို့က မွေးဖွားစောင့်ရှောက်ပေးကြတယ်လို့ ဆိုပါတယ်။

ဒီနေရာမှာ လယ်တီဆရာတော်ကြီးကတော့ ချောက်ထဲကျပြီး သေဘေးကြုံနေရတဲ့ မုဆိုးပုဏ္ဏားကို ချောက်ထဲကနေ ခဲခဲယဉ်းယဉ်းကယ်တင်ခဲ့တဲ့ ဘုရားအလောင်းမျောက်မင်းဇာတ်ကို သာဓကအဖြစ်နဲ့ ထုတ်ပြပါတယ်။

ဒီနေ့အဓိကပြောလိုတဲ့အချက်နဲ့ ကိုက်ညီစေဖို့အတွက် တခြားမျောက်မင်းဇာတ်တစ်ခုဖြစ်တဲ့ ဇာတ်တူမျောက်အမျိုးအနွယ် ရှစ်သောင်းတို့ကို အသက်ဘေးမှ ကယ်တင်ခဲ့တဲ့ ဇာတက(၄၀၇) မဟာကပိဇာတ်ကြောင်းကို နည်းနည်းပြောချင်ပါတယ်။

ဇာတ်ကြောင်းကတော့ အားလုံးကြားဖူးသူများပါတယ်။ ဘုရားအလောင်းမျောက်မင်းဘဝက ဂင်္ဂါမြစ်ကမ်းနားမှာ မျောက်အပေါင်းရှစ်သောင်းနဲ့အတူနေကြတယ်။ ဂင်္ဂါမြစ်တစ်ဖက်ကမ်းမှာ အလွန်ထူးခြားတဲ့ သရက်ပင်ကြီးတစ်ပင်ရှိတယ်။ အသီးမှည့်ချိန်မှာ မျောက်အားလုံးဟာ သရက်သီးတွေစားကြတယ်။

သရက်ပင်ရဲ့ မြစ်ဘက်အသီးကြွေကျတတ်တဲ့အကိုင်းက အသီးမှန်သမျှကို သီးခါစအရွယ်ကစပြီး မျောက်အပေါင်းကို ခြွေချဖျက်ဆီးပစ်ဖို့ခိုင်းခဲ့ပေမယ့် ကျန်နေတဲ့ အသီးမှည့်တစ်လုံးက မြစ်ရေနဲ့အတူ မျောပါရာက ရေချိုးဆင်းတဲ့ ရှင်ဘုရင်နဲ့တွေ့ပြီး ချိုမြိန်တဲ့အရသာကို နှစ်သက်စွဲလမ်းသွားလို့ သရက်ပင်ရှိရာကို အရောက်လာကြတယ်။

နေ့ခင်းမှာ သရက်သီးမှည့်ကို စားပြီးတော့လည်း မပြန်ကြသေးဘဲ နောက်ပါစစ်တပ်နဲ့အတူ သရက်ပင်အောက်မှာပဲ ညအိပ်စောင့်နေကြတာ။ ညသန်းခေါင်မှာ မျောက်တွေကလည်းရောက်လာပြီး သရက်သီးမှည့်တွေ စားကြတာပေါ့။ အသံတွေဆူညံတော့ ဘုရင်နဲ့ နောက်ပါရဲမက်တွေက မျောက်တွေမှန်းသိတဲ့အခါ "မနက်ဖြန်တော့ သရက်သီးမှည့်ရော မျောက်သားဟင်းပါ စားကြမယ်၊ ဝိုင်းထားကြ" ဆိုပြီး လေး၊ မြားတွေနဲ့ ဝိုင်းထားကြတယ်။

လင်းခါနီးမျောက်တွေ ပြန်ချိန်တန်လို့ အပင်အောက်ကြည့်လိုက်တဲ့အခါ လေး၊ မြားကိုင်ရဲမက်တွေ ဝန်းရံထားတာ မြင်ရတော့ မျောက်တွေ မပြန်နိုင်ဘဲ ဘုရားလောင်းမျောက်မင်းကို အကြံတောင်းကြတယ်။ ဘုရားလောင်းက "ဘာမှ အားမငယ်ကြနဲ့ သင်တို့အားလုံးအသက်ကို ငါကယ်တင်မယ်" ဆိုပြီး အမြင့်ဆုံးအကိုင်းအထိ တက်လိုက်တယ်၊ မြစ်ကမ်းဘက် အစွန်ဆုံးကိုင်းအထိ သွားပြီးတော့မှ လေးအပြန်တစ်ရာခန့်ရှိတဲ့ တစ်ဖက်ကမ်းချုံကြီးပေါ် ခုန်ကူးလိုက်တယ်။ ဘုရားလောင်းမျောက်မင်းက ခွန်အားကြီးမားတဲ့အတွက် တစ်ဖက်ကမ်းကိုရောက်အောင် ခုန်ကူးနိုင်ပေမယ့် ကျန်တဲ့မျောက်တွေကတော့ မကူးနိုင်ပါဘူးတဲ့။

အလောင်းတော်မျောက်မင်း သရက်ပင်ကိုင်းဖျားကနေ တစ်ဖက်ကမ်းက ချုံကြီးပေါ်ကို ခုန်ကူးလိုက်တယ်။ ပြီးတော့ လေထဲမှာ ခုန်ကူးခဲ့တဲ့အကွာအဝေးကိုလည်း ခန့်မှန်းတွက်ချက်ခဲ့တယ်။ တစ်ဖက်ကမ်းရောက်တော့ သစ်ပင်မှာ ချည်တုပ်ဖို့နဲ့ သရက်ပင်ကိုင်းဖျားအထိ အကွာအဝေးကို တွက်ပြီး ကြိမ်နွယ်တစ်ခုကိုဖြတ်လိုက်ပြီး အရင်းနဲ့ သစ်ပင်မှာ အခိုင်အမာချည်လိုက်တယ်။ ပြီးတော့ အဖျားနဲ့ခါးကို ချည်ပြီး တစ်ဖက်ကမ်းကို ခုန်ကူးလိုက်တယ်။ ကြိမ်နွယ်ကို ဖြတ်စဉ်က ခါးမှာချည်ဖို့ နွယ်ကြိုးတစ်ကိုက်စာကို ထည့်မတွက်မိတဲ့အတွက် သရက်ပင်အကိုင်းပေါ်အထိ မရောက်လိုက်ဘူး။ ကိုင်းဖျားကို ဆွဲမိတော့ နွယ်ကြိုးက ဆုံးပြီ။

ဒါပေမယ့် အလောင်းတော်ဟာ ဆုံးဖြတ်ချက်ချထားပြီးတဲ့အတိုင်း ကိုယ်နဲ့အသက်ကို မငဲ့ကွက်တဲ့ နိက္ခမစွမ်းအားကြောင့် အချိန်ဆွဲပြီး စဉ်းစားမနေဘူး။ မျောက်အပေါင်းကို သူ့ကိုယ်ပေါ်က ကျော်လွှားပြီး အမြန်ကူးကြဖို့ တိုက်တွန်းလိုက်တယ်။ မျောက်အားလုံးလိုလိုကပဲ တောင်းပန်ကန်တော့ပြီး မျောက်မင်းကိုယ်ပေါ်က ကျော်လွှားကြပြီး နွယ်ကြိုးအတိုင်း တစ်ဖက်ကမ်းကူးသွားကြတယ်။

နောက်ဆုံးကျန်နေတဲ့ ဒေဝဒတ်လောင်းမျောက်ကတော့ "ငါ့ရန်သူကို လှလှကြီး ကလဲ့စားချေရတော့မယ်" ဆိုတဲ့ အကြံဆိုးနဲ့ အမြင့်ဆုံးကိုင်းအထိ တက်ပြီးတော့ အလောင်းတော်မျောက်မင်းရဲ့ ကိုယ်ပေါ် တည့်တည့် ခုန်ချလိုက်တော့ အလောင်းတော်ရဲ့ နှလုံးသား ကွဲအက်သွားပါတော့သတဲ့။

ဒါပေမယ့် အလောင်းတော်ရဲ့ "သူတစ်ပါးပြုမှားပြစ်မှားမှုစတဲ့ ပြင်ပဒုက္ခနဲ့ ကိုယ်တွင်းဒုက္ခတို့ကြောင့် စိတ်ညစ်ညူးခြင်း၊ နှလုံးမသာ မျက်နှာမသာဖြစ်ခြင်း မရှိ သည်းခံနိုင်တဲ့ ခန္တီစွမ်းအား"နဲ့ ပူဇော်ချီးမွမ်းသူ၊ ပြစ်မှားနှိပ်စက်ကဲ့ရဲ့ သူတို့ကို သာယာမုန်းတီးမှုမရှိ လျစ်လျူရှုတဲ့ ဥပေက္ခာစွမ်းအားကြောင့် နာကျင်မှုကို ဂရုမပြုဘဲ ပြစ်မှားတဲ့မျောက် တစ်ဖက်ကမ်းရောက်အောင်ပဲ သစ်ကိုင်းလက်မလွှတ်ဘဲ ဖွဲ့တင်းပြီး ကယ်ဆယ်ခဲ့ပါသတဲ့။

ဒီနေရာမှာ တကယ်လို့သာ ကိုယ်နဲ့အသက် မငဲ့ကွက်ဘဲ စွန့်လွှတ်နိုင်တဲ့ နိက္ခမတရားနဲ့ ခန္တီဥပေက္ခာတရားတို့သာ မရှိခဲ့ရင် နောက်ဆုံးရန်သူမျောက် ခုန်ချတဲ့ဒဏ်ကြောင့် နာကျင်ချိန်မှာ သစ်ကိုင်းကို ဆွဲမထားဘဲ လွှတ်ချလိုက်နိုင်ပါတယ်။

ဒီလိုသာ လွှတ်ချလိုက်ရင် ကိုယ်တိုင်က နှလုံးကွဲသွားပြီဖြစ်လို့ သေရမှာ မထူးပေမယ့် ခုန်ချတဲ့မျောက်လည်း တစ်ဖက်ကမ်းမရောက်ဘဲ နှစ်ကောင်ပေါင်း သေပွဲဝင်ရမှာပါ။ ဒီလိုဖြစ်သွားခဲ့ရင် ပြစ်မှားတဲ့ ဒေဝဒတ်အလောင်း မျောက်သာမက ဘုရားအလောင်းရဲ့ ပါရမီတွေဟာလည်း သေပွဲဝင်သွားတော့မှာပါ။

ဘာကြောင့်လဲဆိုရင် အာဇာနည်တို့ရဲ့ လုပ်ငန်း ၁၀ မျိုးမှာ "သစ္စာ" တရားဟာ ပါရမီအားလုံးရဲ့အသက်ပါ။ အရိယသစ္စာကို ရရှိရေးလုပ်ငန်း ပါရမီ ၁၀ မျိုးမှာ "ဝစီကံသစ္စာ"ဟာ အဓိကအသက်သွေးကြောပါပဲ။ ဒါကြောင့်လည်း အလောင်းတော်ဘဝမှာ လောကတ္ထစရိယ၊ ဉာတတ္ထစရိယအတွက် အခြားဒုစရိုက်များကို မလွှဲမရှောင်သာ ကျူးလွန်ရတာ ရှိကောင်းရှိတတ်ပေမယ့် (တိရစ္ဆာန်ဆိုတဲ့ အပါယ်ဘုံဖြစ်ရတာတွေကိုကြည့်ရင် ပါရမီလုပ်ငန်းမှာ ဒုစရိုက်မကင်းခဲ့ဘူးဆိုတာလည်း ထင်ရှားပါတယ်။) မုသာဝါဒဒုစရိုက်ကိုတော့ နိယတဗျာဒိတ်ရချိန်ကစပြီး လုံးဝလွန်ကျူးခြင်းမရှိခဲ့ပါဘူးတဲ့။

အခုကိစ္စမှာလည်း ဒေဝဒတ်လောင်းက ကိုယ်ပေါ်ခုန်ချတာကို အကြောင်းပြုပြီး "ငါလည်း သေသူဖြစ်နေပြီ၊ မထူးတော့ဘူး၊ သင်းပါသေအောင် သစ်ကိုင်းကို လွှတ်လိုက်မယ်"ဆိုပြီး ဆုံးဖြတ်မှားခဲ့ရင် "သင်တို့အားလုံးကို ငါကယ်မယ်"ဆိုတဲ့ ဝစီကံသစ္စာ ကျိုးပျက်သွားမှာပါ။

"မုသာဝါဒိဿ ဇန္တုနော၊ နတ္ထိ ပါပံ အကာရိယံ - မုသားပြောသူမှာ မပြုတဲ့ အကုသိုလ်မရှိတော့" (ဓမ္မပဒ-၃၉) ဆိုတဲ့အတိုင်း ပါရမီအားလုံး ပျက်စီးသေဆုံးရတော့မှာပါ။

ဒါကြောင့် "အသက်သာ အသေခံမယ်၊ ပါရမီ မသေစေရ"ဆိုတဲ့ အဓိဋ္ဌာန်နဲ့ သစ်ကိုင်းကိုမလွှတ်ဘဲ မြဲအောင် ကြိုးစားဆွဲကိုင်ထားလို့ ပြစ်မှားတဲ့မျောက်လည်း တစ်ဖက်ကမ်းအထိ အန္တရာယ်မရှိ ရောက်သွားခဲ့ပါတယ်။

> **"သူတို့က နိက္ခမတရားရှင်တွေ ခန္တီဥပေက္ခာအားကြီးသူတွေမို့ "သေတာဟာ အဆန်းမဟုတ်" ဆိုပေမယ့် ကျန်ရစ်တဲ့ ပြည်သူတွေမှာက သူတို့ရယူပေးခဲ့တဲ့အရာဟာ "လွတ်လပ်ရေးလား၊ ကျိန်စာလား" မခွဲခြားနိုင်လောက်အောင် ဆင်းရဲဒုက္ခများခဲ့ရတာဟာ လွတ်လပ်ရေးရပြီးကတည်းက ဒီနေ့အထိပါပဲ။ ဒါကြောင့် ပြည်သူ့အကျိုး အပြည့်အဝသယ်ပိုးနိုင်ရေးအတွက် နောင်လာနောက်သား အာဇာနည်တိုင်း "နွယ်ကြိုးတစ်ကိုက်" ကို ပေ့ါပေ့ါတန်တန် သဘောမထားလိုက်ကြပါနဲ့"**

ဒီဇာတ်မှာ ရှင်ဘုရင်က အရှင်အာနန္ဒာအလောင်းအလျာဖြစ်သည့် အားလျော်စွာ မျောက်မင်းရဲ့ လုပ်ဆောင်ချက်တွေကို အစ၊ အဆုံးမြင်ရတော့ ကြည်ညိုစိတ် ဖြစ်လာတာနဲ့ မင်းချင်းများကို သစ်ကိုင်းအထိ တက်ဖြုတ်စေပြီး မျောက်မင်းကို ပြုစုပေးပါသတဲ့။ ဒါပေမယ့် နှလုံးသားကွဲသွားပြီဖြစ်တဲ့ မျောက်မင်းက ရှင်ဘုရင်ကို ဆုံးမစကားပြောကြားအပြီးမှာ ကွယ်လွန်သွားခဲ့ပါတယ်။

ရှင်ဘုရင်က မျောက်မင်းကို မင်းခမ်းမင်းနားလို သင်္ဂြိုဟ်စေပြီး မီးသင်္ဂြိုဟ်တဲ့နေရာမှာလည်း စေတီတစ်ခု တည်ထားပူဇော်ပါတယ်။ ဦးခေါင်းရိုးကြွင်းကိုလည်း နန်းတော်အထိသယ်ယူပြီး ဓာတုပူဇော်ပွဲ ကျင်းပပူဇော်ခြင်းနဲ့ စေတီတည်ထားပူဇော်ခြင်း ပြုပါသတဲ့။

ဒီနေရာမှာ ဒီနေ့ပြောချင်တဲ့အချက်ကတော့ လောကတ္ထစရိယအားစိုက်လွန်းတဲ့ အာဇာနည်များဟာ နိက္ခမတရားအားသန်ကြတဲ့အတွက် ကိုယ်ကျိုးအတွက်ကို လုံးဝထည့်မတွက်မိတဲ့အခါ လောကမှာလည်း နစ်နာရတဲ့ကိစ္စပါ။

အလောင်းတော်မျောက်မင်းဟာ သူ့အတွက် ခါးချည်စရာ နွယ်တစ်ကိုက်စာလောက်ကို ထည့်မတွက်မိတဲ့အတွက် သစ်ကိုင်းပေါ်အထိ မရောက်နိုင်ဘဲ ကိုင်းဖျားကို လက်နဲ့ဆွဲကိုင်ထားပြီး အမျိုးအနွယ်တို့ကို အသက်ဘေးလွတ်ရေး အားထုတ်ခဲ့တဲ့အတွက် သူ့အသက်စွန့်ရတာဟာ သူ့အတွက်မဆန်းပေမယ့် ကျန်ရစ်တဲ့ မျောက်အမျိုးအနွယ်တို့မှာ နောက်တက်ပြီး ဗိုလ်လုပ်မယ့် ဒေဝဒတ်လောင်းမျောက်ရဲ့ ဒဏ်ကိုခံရတော့မှာပါ။ သေရေး၊ ရှင်ရေးကြုံရင်လည်း အားကိုးရာမဲ့သွားကြပါပြီ။

ဒါကြောင့် ကိုယ့်အတွက်စည်းစိမ်ရော အသက်ခန္ဓာပါ မငဲ့မကွက်တဲ့ နိက္ခမတရားရှင်များဟာ မှီခိုအားထားသူများရဲ့ အကျိုးကို ရေရှည်သယ်ပိုးနိုင်ရေးအတွက် "နွယ်ကြိုးတစ်ကိုက်စာ" ကိုလည်း အလေးထားသင့်ပါတယ် ဆိုတဲ့အကြောင်းပါ။

အခု ဗိုလ်ချုပ်အောင်ဆန်းစတဲ့ အာဇာနည်ပုဂ္ဂိုလ်များဟာလည်း "ကိုယ့်အတွက် နွယ်ကြိုးတစ်ကိုက်"ကို အလေးမထားကြတဲ့အတွက် ဒီအဖြစ်မျိုး ကြုံကြရတာပါ။

သူတို့က နိက္ခမတရားရှင်တွေ ခန္တီဥပေက္ခာအားကြီးသူတွေမို့ "သေတာဟာ အဆန်းမဟုတ်" ဆိုပေမယ့် ကျန်ရစ်တဲ့ ပြည်သူတွေမှာက သူတို့ရယူပေးခဲ့တဲ့အရာဟာ "လွတ်လပ်ရေးလား၊ ကျိန်စာလား" မခွဲခြားနိုင်လောက်အောင် ဆင်းရဲဒုက္ခများခဲ့ရတာဟာ လွတ်လပ်ရေးရပြီးကတည်းက ဒီနေ့အထိပါပဲ။ ဒါကြောင့် ပြည်သူ့အကျိုး အပြည့်အဝသယ်ပိုးနိုင်ရေးအတွက် နောင်လာနောက်သား အာဇာနည်တိုင်း "နွယ်ကြိုးတစ်ကိုက်"ကို ပေ့ါပေ့ါတန်တန် သဘောမထားလိုက်ကြပါနဲ့။ အလေးအနက်ထား ဂရုပြုကြပါလို့။ ဒါဟာ ကိုယ်ကျိုးအတွက် မဟုတ်ပါဘူး။ ပြည်သူ့အကျိုးအတွက် လိုအပ်ချက်အစစ်ပါလို့ သတိပေးတိုက်တွန်းချင်ပါတယ်။ ။

# လွတ်လပ်ရေးကြိုးပမ်းခဲ့သူ အာဇာနည်သူရဲကောင်းတို့၏ ခေါင်းချရာ အတွင်းဝန်ရုံးဆီသို့

သတင်းဆောင်းပါး-ရဲခေါင်ညွန့်
ဓာတ်ပုံ-ဖိုးထောင်

**ရန်ကုန် ဇူလိုင် ၁၉**

နေရာကား ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)။ အတွင်းဝန်ရုံးသည် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်(စနေနေ့) နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန် ဝန်ကြီးများအစည်းအဝေးကျင်းပနေစဉ် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့်နေရာ။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ယခင်ယူနီဂျက်အလံအားဖြုတ်ချ၍ မြန်မာနိုင်ငံတော်အလံကို လွှင့်တင်ခဲ့သည့် သမိုင်းဝင် အထင်ကရနေရာဖြစ်သည်။

လွတ်လပ်ရေးရရှိရန် ကြိုးပမ်းခဲ့သော ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည်မှာ (၇၁)နှစ်တိုင်တိုင်ရှိခဲ့ချေပြီ။ လုပ်ကြံမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဒီးဒုတ် ဦးဘချို၊ ဦးရာဇတ်၊ ဦးဘဝင်း၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွား စဝ်စံထွန်း၊ အတွင်းဝန် ဦးအုန်းမောင်နှင့် ဦးရာဇတ်၏ သက်တော်စောင့် ရဲဘော်ကိုထွေးတို့ အတွင်းဝန်ရုံးအတွင်း သွေးမြေခကျဆုံးခဲ့ရသည်။

(၇၁)နှစ်မြောက် အာဇာနည်နေ့ အလေးပြုခြင်း အခမ်းအနားကို အတွင်းဝန်ရုံးတွင် ယနေ့နံနက်ပိုင်းက ကျင်းပခဲ့ပြီး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျောင်းသားကျောင်းသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်အလေးပြုခဲ့ကြသည်။

နိုင်ငံတော်အလံနှင့် အာဇာနည်ခေါင်းဆောင် အထိမ်းအမှတ်ကျောက်စာတိုင်အား မျက်နှာမူ နေရာယူကာ နံနက် ၇ နာရီခွဲတွင် အာဇာနည်ခေါင်းဆောင်တို့ ကျဆုံးသည့် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံကို အလံတိုင်တစ်ဝက်သို့ စစ်ခရာသံပေး၍ လျှော့ချလိုက်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား မေတ္တာပို့ အမျှဝေရန် နှစ်မိနစ်ထပ်မံငြိမ်သက်ခဲ့သည်။ အားလုံးအားလုံး ငြိမ်သက်လျက်။ ကောင်းကင်က ညို့မှိုင်းလျက်ရှိနေချေပြီ။

အတွင်းဝန်ရုံးသို့ ယခုနှစ်အာဇာနည်နေ့ လာရောက်ကြည့်ရှုသူများသည် ယခင်နှစ်များကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်များ ကျဆုံးခဲ့ရသည့် နေရာသို့ တက်ရောက်ခွင့်မရသော်လည်း ကျဆုံးခဲ့သည့် ခန်းမအောက်တည့်တည့်တွင် ပြန်လည်ပြင်ဆင်ထားရှိသည့် အခြေအနေကို CCTV မှတစ်ဆင့် ပြသထားသည်။

ဝန်ကြီးများရုံး ပြန်ကြားရေးတာဝန်ခံ ကိုဇွဲရဲရင့်က "အခုလက်ရှိမှာတော့ ပရိုဂျက်တာတစ်လုံး၊ လက်မ ၅၀ တီဗွီနှစ်လုံးနဲ့ ကျဆုံးသွားတဲ့ ဗိုလ်ချုပ်တို့အခန်းကို ဘုရားခန်းမဟုတ်တော့ဘဲ ဘုရားခန်းကို ရွှေ့ပြောင်းထားတဲ့ အခြေအနေကို ပြသထားတယ်၊ နောက်တစ်ခု ၁၉၄၇ ခုနှစ် အခင်းဖြစ်ပွားတုန်းကအချိန်နဲ့ အခုလက်ရှိ အခြေအနေကို ကျွန်တော်တို့က ဓာတ်ပုံထုတ်ပြီးတော့ ယှဉ်တွဲပြသထားတယ်၊ ဒါကြောင့် ကျဆုံးသွားတဲ့အချိန်က အခန်းအထားအသိုနဲ့ လက်ရှိပုံစံကို ကြည့်ရှုနိုင်ပါတယ်"ဟု ပြောသည်။

အာဇာနည်ခေါင်းဆောင်များကျဆုံးခဲ့သည့် အစည်းအဝေးခန်းမနေရာကို ၁၉၉၀ ပြည့်နှစ်ခန့်တွင် ဘုရားခန်းအဖြစ် ပြောင်းလဲခဲ့သော်လည်း အာဇာနည်မိသားစုဝင်များက ၁၉၄၇ ခုနှစ်ကျဆုံးခဲ့ချိန်တွင် ရှိခဲ့သည့် အမူဆောင်ကောင်စီအစည်းအဝေးခန်းမအတိုင်း ပြန်လည်ထားရှိရန်၊ အများပြည်သူလေ့လာနိုင်သည့် ပြတိုက်အဖြစ်ထားရှိရန်၊ ပြတိုက်သည် အာဇာနည်များရှိစဉ်က ပုံစံအတိုင်းထင်ဟပ်စေရန် သဘောဆန္ဒပြုသဖြင့် ဘုရားခန်းကို ယခင်ပုံစံအတိုင်းရှိစေရန် ပြန်လည်ပြင်ဆင်လျက်ရှိသည်ကို တွေ့ရသည်။

နံနက် ၉ နာရီခန့်တွင် ပညာရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၂၇၀ ခန့်သည် အဖြူ အစိမ်း တူညီဝတ်စုံများဝတ်ဆင်၍ အတွင်းဝန်ရုံးသို့ ရောက်ရှိလာခဲ့သည်။

ပညာရေးတက္ကသိုလ် ကျောင်းသားများသမဂ္ဂ၏ အတွင်းရေးမှူးတာဝန်ယူထားသူ ပညာရေးတက္ကသိုလ် စတုတ္ထနှစ်ကျောင်းသား ကိုဝေလင်းထွန်းက "ကျွန်တော်တို့ ရန်ကုန်ပညာရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူတွေက အနာဂတ်မှာ ဆရာ ဆရာမတွေ ဖြစ်လာမယ့်သူတွေပါ၊ ကလေးတွေကို ပြုစုပျိုးထောင်ရမယ့်သူတွေပါ၊ အာဇာနည်အကြောင်းက စာအုပ်ထဲမှာဖတ်လို့ရတယ်၊ အာဇာနည်တွေရဲ့ အငွေ့အသက်က ဒီအထဲမှာပဲ ခံစားနိုင်မယ်၊ ဒါမှလည်း နောင်လာမယ့်သူတွေက အာဇာနည်စိတ်ဓာတ်တွေပေါ်လာမှာ ဖြစ်ပါတယ်၊ ဒါကြောင့် ဆရာ ဆရာမဖြစ်လာမယ့်သူတွေကို ခေါ်လာခဲ့ခြင်းဖြစ်ပါတယ်၊ ဒီနေ့ဟာ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ဝမ်းနည်းစရာ ကောင်းတဲ့နေ့ပါ၊ စာပေစကားဝိုင်းတွေ၊ စာစီစာကုံး ပြိုင်ပွဲတွေ လုပ်နေရုံနဲ့ မပြီးပါဘူး၊ အာဇာနည်ဆိုတာဘာလဲ၊ အာဇာနည်စိတ်ဓာတ်ဆိုတာ ဘာလဲဆိုတာ မျိုးဆက်သစ်ကလေးတွေဆီရောက်အောင် ကျွန်တော်တို့လို ကျောင်းဆရာဖြစ်လာမယ့် လူငယ်တွေကလည်း ကြိုးစားရပါမယ်"ဟု ပြောသည်။

နောင်မကြာမီကာလတွင် ကလေးငယ်များ၏ အနာဂတ်အား ပုံသွင်းမည့် လက်ပိုင်ရှင်များသည် စနစ်တကျလူစု၊ စနစ်တကျလေ့လာ၊ စနစ်တကျအလေးပြုငြိမ်သက်လျက်။

အတွင်းဝန်ရုံး၏ ပါလီမန် အဆောက်အအုံအတွင်းတွင် အာဇာနည်ခေါင်းဆောင်များကို ရည်စူးကာရေးဆွဲထားသည့် ကလေးပန်းချီပြပွဲခန်းမ၊ ပါလီမန်အစည်းအဝေးခန်းမ၊ မြန်မာနိုင်ငံတွင် ပြောင်းလဲအသုံးပြုခဲ့သည့် အလံများနှင့် ပန်းချီဆရာတစ်ဦး လှူဒါန်းထားသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ရုပ်ပုံလွှာပန်းချီကားချပ်များကို ပြသထားသည်။ အတွင်းဝန်ရုံးအတွင်းရှိ ပါလီမန်သည် ၁၉၆၂ ခုနှစ်တွင် ဖျက်သိမ်းခဲ့ပြီးနောက် စစ်အစိုးရ၏ ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ အစည်းအဝေးခန်းမဖြစ်လာသည်။ ၁၉၆၃ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ပုဂ္ဂလိကဘဏ်များအား ပြည်သူပိုင်သိမ်းသည့် အမိန့်ကို အဆိုပါ ခန်းမမှနေ၍ နံနက် ၁၁ နာရီတွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ပန်းဘဲတန်းမြို့နယ်တွင်နေထိုင်ပြီး မြေးနှစ်ယောက်ကိုလက်ဆွဲကာ အတွင်းဝန်ရုံးအတွင်း လိုက်လံပြသနေသူ အသက် ၇၆ နှစ်ရှိပြီဖြစ်သည့် ဦးတင်ရွှေ (အစ္စလာမ်ဘာသာဝင်)က "ဘယ်လောက်နှမြောစရာကောင်းသလဲ၊ စွန့်စားတယ်၊ အနစ်နာခံတယ်။ ပြည်သူတွေလွတ်လပ်ရေးရဖို့အတွက် ဗြိတိသျှ ဘုရင်မကြီးဆီသွားပြီးတော့တောင် လွတ်လပ်ရေးယူလာတာ။ ဒီလိုပုဂ္ဂိုလ်မျိုး မြန်မာနိုင်ငံမှာ ဘယ်ကရမလဲ။ ပြီးခဲ့တဲ့နှစ်ကလည်း ကျွန်တော်လာတယ်။ ဒီနှစ် အတွင်းဝန်ရုံးကိုလာတာကလည်း ကျွန်တော့်ရဲ့ မြေးတွေကိုသိအောင်လာပြတာ။ ဗိုလ်ချုပ်အောင်ဆန်းကို သတ်တာ ဒီနေရာပဲဆိုတာသိအောင်။ ဦးရာဇတ်ပါတယ်။ ကိုထွေးပါတယ်။ သူတို့ကြီးလာရင်လည်း သူတို့ရဲ့ သားသမီးတွေကို ဒီလိုပဲပြန်ပြနိုင်မယ်လေ။ လွတ်လပ်ရေးအတွက် လူမျိုးမရွေးလက်တွဲပြီး ကြိုးပမ်းခဲ့တာ"ဟု စာရေးသူ၏ မေးမြန်းမှုကိုဖြေကြားသည်။

အတွင်းဝန်ရုံးအတွင်းသို့ ပြည်သူများတဖွဲဖွဲ ရောက်လာလေပြီ။ မကြာမီ အာဇာနည်များ ကျဆုံးခဲ့ရသည့် အချိန် ၁၀ နာရီ ၃၇ မိနစ်သို့ ရောက်ရှိပေတော့မည်။ မိုးကားတိတ်လိုက်၊ ရွာလိုက်နှင့် လွမ်းအောင်ဖန်တီးနေပေသည်။

ကလေးငယ်များကို လက်တွင်ဆွဲလျက် အရောင်အသွေးမတူညီသည့် ဘာသာရေးဝတ်စုံများ ဆင်မြန်းထားသူတစ်စု အတွင်းဝန်ရုံးသို့ ရောက်ရှိကာ ဗိုလ်ချုပ်နှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို ဦးညွှတ်အလေးပြုရန် နေရာယူနေကြသည်။

ဟိန္ဒူနယ်လှည့်ခမ္မကထိက ဦးဆန်းမင်းနိုင်က "တစ်နှစ်ပတ်လုံး ဗိုလ်ချုပ်တို့လို နိုင်ငံကိုချစ်တဲ့စိတ်ဓာတ်တွေဟာ ရင်ထဲမှာကိန်းအောင်းစေဖို့ အသိအမှတ်လာပြုတာ ဖြစ်ပါတယ်။ အာဇာနည်နေ့ပြီးလို့ မပြီးသွားဘူး။ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေအားလုံးလည်း ချစ်ချစ်ခင်ခင်နဲ့ ဒီလိုနေရမယ်။ ဗိုလ်ချုပ်အပါအဝင် အာဇာနည်ခေါင်းဆောင်တွေအတွက်လည်း ဟိန္ဒူဘာသာဝင်အားလုံးကိုယ်စား မျက်ရည်ကျရပါတယ်။ နတ်ဒေဝါတွေ မိုးနဲ့ ငိုနေသလို ကျွန်တော်တို့ တိုင်းသူပြည်သားတွေလည်း မိုးနဲ့ငိုနေရပါတယ်"ဟု အာဇာနည်များအား သတိတရပြောပြနေလေသည်။

လူမျိုး၊ အရောင်အသွေးနှင့်ကိုးကွယ်မှုစုံလင်သော မြန်မာနိုင်ငံသူ နိုင်ငံသားများ အတွင်းဝန်ရုံးပရဝဏ်တွင် အတူတကွ စုရုံးမိနေကြပြီဖြစ်သည်။

ဦးပဥ္ဇင်းဦးဓမ္မသာရ (ရွှေဝါရောင်)ကတော့ "ဂါရဝပြုသင့်၊ ပြုထိုက်တဲ့သူကို ဂါရဝပြုရမယ်ဆိုတဲ့ ဗုဒ္ဓရဲ့ ဟောကြားချက်အရ တာမွေကဦးရာဇတ် အုတ်ဂူကိုလည်း ဂါရဝပြုခဲ့တယ်။ နောင်လာနောက်သားဖြစ်တဲ့ ဒီကလေးတွေကိုလည်း အာဇာနည်နဲ့ပတ်သက်ပြီး သိသင့်သိထိုက်တာလေးတွေသိအောင်ဆိုပြီး ဦးဇင်းတို့ ခေါ်လာပါတယ်။ ဘာသာပေါင်းစုံ လာရောက်ဂါရဝပြုတာက ဘာသာပေါင်းစုံက ရောင်စုံပန်းပွင့်တွေနဲ့ တူပါတယ်။ ရောင်စုံပန်းတွေ ဖူးပွင့်မှ သာယာပါမယ်။ မြန်မာနိုင်ငံမှာလည်း ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်တယ်ဆိုတာ ပြသချင်လို့လာတာပါ"ဟု ပြောသည်။

အာဇာနည်ခေါင်းဆောင်တို့ကို ဦးညွှတ်အလေးပြုရန် အသင့်ဖြစ်နေပေပြီ။ မတူညီသောဘာသာရေးအဖွဲ့အစည်းအသီးသီးမှပုဂ္ဂိုလ်များ အာဇာနည်တို့ကို အလေးပြုဦးညွှတ်ရန်အတွက် ကျဆုံးသူတို့၏ အထိမ်းအမှတ်ကျောက်တိုင်ရှေ့တွင် ကိုယ်စီယှဉ်တွဲကာ မတ်တတ်ရပ်လျက်။

မော်လဝီဆရာဦးသန့်စင်က "တိုင်းပြည် သူ့ကျွန်ဘဝရောက်စဉ်မှာ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံကအသက်သွေးချွေးတွေ ပေးဆပ်ပြီးတော့ လွတ်လပ်ရေးကို ရယူခဲ့တယ်။ ဒီအတိုင်းပဲလွတ်လပ်ရေးရယူနေတဲ့ အချိန်မှာလည်း လွတ်လပ်ရေး ကန်ပေါင်ရိုးမှာ အာဇာနည်တွေ စတေးခံလိုက်ရတယ်။ ဘာသာပေါင်းစုံစုစည်းပြီးတော့ ဘာသာပေါင်းစုံသွေးမြေခတဲ့ နေရာမှာ လာရောက်ဂါရဝပြုတာ အနာဂတ်နိုင်ငံတော်မှာ ဘာသာပေါင်းစုံစည်းလုံးညီညွတ်စွာနေထိုင်ဖို့ဆိုတဲ့အသိကို နောင်လာနောက်သား ကလေးငယ်တွေကို ပေးချင်တဲ့ဆန္ဒကြောင့်ပါ"ဟု ၎င်းဖြစ်စေချင်သည့်ဆန္ဒကို ဖွင့်လှစ်ပြသည်။

နံနက် ၁၀ နာရီ ၃၇ မိနစ်. . ။ ဥဩဆွဲသံနှင့်အတူ အတွင်းဝန်ရုံးအတွင်း ရောက်နေသူအားလုံး ကျဆုံးခဲ့သူတို့၏ အမှတ်တရကျောက်တိုင်ရှေ့တွင် ငြိမ်သက်စွာ ဦးညွှတ်လျက်။ ငြိမ်သက်ဦးညွှတ်ပြီးနောက် သဟာယဆရာတင်ရေးစပ်ထားသည့် "အာရှသူရဲကောင်း ဗိုလ်ချုပ်အောင်ဆန်း" သီချင်းကို တူညီစွာရွတ်ဆိုရင်း ဂုဏ်ပြုလိုက်ကြသည်။

"ရာဇဝင်အတ္ထုပ္ပတ္တိလည်းရှိရမယ်. . ။ မော်ကွန်းလည်း ထိုးလောက်တယ်။ မြင့်မြတ်တဲ့ ဗိုလ်အောင်ဆန်းရယ်. . "

ကင်းထောက်သင်တန်းမှူး ဒေါ်အေးမာသက်က "အခုလာတဲ့ ကလေးတွေက တက္ကသိုလ်ပေါင်းစုံကပါ။ မနှစ်ကတော့ ဒီမှာ စေတနာ့ဝန်ထမ်းလာလုပ်ဖြစ်တယ်။ ကလေးတွေကသူတို့မုန့်ဖိုးနဲ့ အပြင်မှာ ပဲပြုတ်နံပြားကျွေးမယ်။ ရေသန့်ဘူးလေးတွေ ဝေမယ်ဆိုလို့ လာအားပေးတာပါ။ ကလေးတွေကလည်း အမှန်အတိုင်းပြောတယ်။ သူတို့ငယ်ငယ်တုန်းကဒီနား(အတွင်းဝန်ရုံး) ရှေ့ကသာ ဖြတ်သွားခဲ့ရတယ်။ ဘာသမိုင်းကြောင်းရှိမှန်းမသိခဲ့ဘူး။ သူတို့လိုတက်သစ်စလူငယ်တွေအနေနဲ့ နိုင်ငံရဲ့သမိုင်းကြောင်းကို နားလည်သင့်တယ်။ နိုင်ငံမှာဒီလိုခေါင်းဆောင်တွေရှိခဲ့ပြီး ဘယ်လိုမျိုး ဦးဆောင်သွားတယ်ဆိုတာကို သူတို့သိအောင်ပါ။ မနှစ်က ကျွန်မတို့ကဦးဆောင်ခဲ့ပေမယ့် ဒီနှစ်မှာတော့ သူတို့ကိုယ်တိုင် ဒီလိုလုပ်ဖို့ စပြောပါတယ်။ ဒါလေးတွေ လုပ်ချင်တယ်လို့ သူတို့တက်တက်ကြွကြွပြောတာပါ"ဟု ပြောသည်။

ဒေါ်အေးမာသက်တို့၏ University Girl Guide သည် Girl Guide ဖြစ်ထားသည့် တက္ကသိုလ်ပေါင်းစုံက အမျိုးသမီးများ လာရောက်ပူးပေါင်းထားခြင်းဖြစ်ပြီး အဖြူနှင့် အပြာဝတ်သည့် အမျိုးသမီးသီးသန့် ကင်းထောက်ဖြစ်သည်။ တစ်နိုင်ငံလုံး အင်အား ၃၀၀၀၀ ခန့်ရှိကြောင်း သိရသည်။

မကြာမီကာလအတွင်း ပြတိုက်အဖြစ်တွေ့မြင်ရမည့် အတွင်းဝန်ရုံးသည် စကားမပြောသည့် သမိုင်းသက်သေများတည်ရှိနေသလို စကားပြောခဲ့သည့် လွတ်လပ်ရေးကြိုးပမ်းခဲ့သူ အာဇာနည်သူရဲကောင်းတို့၏ ခေါင်းချရာ အရပ် ဖြစ်နေပေတော့သည်။ ။



ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်များ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမနေရာ ဘုရားခန်း အဖြစ်မှ နဂိုမူလအတိုင်း ပြန်လည်ပြင်ဆင်ထားသည်ကို တွေ့ရစဉ်။



ပါလီမန်အစည်းအဝေးခန်းမကို တွေ့ရစဉ်။

# ဗြိတိန်ဝန်ကြီးချုပ်အား သတ်ဖြတ်ရန် အစွန်းရောက်တစ်ဦး ကြံစည်ဆောင်ရွက်






**လန်ဒန် ဇူလိုင် ၁၉**

အသေခံတိုက်ခိုက်မှုတစ်ခုပြုလုပ်ကာ ဗြိတိန်ဝန်ကြီးချုပ် ထရီဇာမေ၏ ဦးခေါင်းကို ဖြတ်ယူရန်စီစဉ်ထားကြောင်း ဗြိတိန်နိုင်ငံသားတစ်ဦးက ၎င်းသစ္စာခံသည့် အစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)အား ကတိပြုမှုဖြင့် အပြစ်ရှိကြောင်း တရားရုံးသတင်းရပ်ကွက်ကို ကိုးကားလျက် အေအက်ဖ်ပီ သတင်းတွင် ဖော်ပြသည်။

ဝန်ကြီးချုပ် မေအား လုပ်ကြံနိုင်ရန်အတွက် ဒေါင်းနင်းလမ်းရှိ ဝန်ကြီးချုပ်ရုံးဂိတ်တံခါးကို ဗုံးခွဲတိုက်ခိုက်၍ ဝင်ရောက်ရန်၊ ထို့မှတစ်ဆင့် ဝန်ကြီးချုပ်အား ဆက်လက်တိုက်ခိုက်ရန် အသက် ၂၀ အရွယ်ရှိ နာဒီမူယာ ဇာကာရီယာ ရာမန်ဆိုသူက စီစဉ်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

အိုင်အက်စ်အဖွဲ့၏ မန်နေဂျာတစ်ဦးအဖြစ် ဟန်ဆောင်ထားသော ထောက်လှမ်းရေးအရာရှိက ရာမန်အား အသွင်ယူ၍ ဖမ်းဆီးနိုင်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နွယ်ဖွား ဗြိတိန်နိုင်ငံသား ရာမန်အား လွန်ခဲ့သည့်နှစ်နိုဝင်ဘာလအတွင်းက ဖမ်းဆီးခဲ့ရာတွင် ဖောက်ခွဲရေးပစ္စည်းများ ထည့်သွင်းထားသော ကျောပိုးအိတ်တစ်လုံးအဖြစ် ထောက်လှမ်းရေးအရာရှိက အသွင်ယူ၍ ၎င်းကိုပေးအပ်ခဲ့သည်။

အသွင်ယူထားသည့် စုံထောက်တစ်ဦးနှင့် အင်တာနက်မှတစ်ဆင့် ပြောကြားရာတွင် ရာမန်က ဗြိတိသျှပါလီမန်တွင် အသေခံဗုံးဖောက်ခွဲမှုပြုရန် ဆန္ဒရှိကြောင်း၊ ဝန်ကြီးချုပ်မေအားလည်း သတ်ဖြတ်ရန် ကြိုးပမ်းလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အမှတ် ၁၀ ဒေါင်းနင်းလမ်း ခြံဝင်းတံခါးဆီသို့ ရောက်ရှိအောင် ၁၀ စက္ကန့်ဖြင့် တာတိုပြေးလာကာ ဗုံးခွဲဝင်ရောက်မည်ဖြစ်ပြီး ဝန်ကြီးချုပ်ဦးခေါင်းကို ဖြတ်ယူမည်ဖြစ်ကြောင်း အသွင်ယူထားသည့် စုံထောက်တစ်ဦးကို ရာမန်က ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

# ကုလသမဂ္ဂ၏ ဆွေးနွေးပွဲသို့တက်ရောက်မည့် ပါလက်စတိုင်းအရာရှိများကို အမေရိကန်က ဗီဇာထုတ်မပေး

**ကုလသမဂ္ဂ ဇူလိုင် ၁၉**

နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ပြုလုပ်မည့် အထက်တန်းတာဝန်ရှိ ပုဂ္ဂိုလ်များအဆင့် နိုင်ငံရေးဆွေးနွေးပွဲသို့ တက်ရောက်မည့် ပါလက်စတိုင်း အစိုးရတာဝန်ရှိသူ ခြောက်ဦးကို အမေရိကန်ပြည်ထောင်စုက ပြည်ဝင်ဗီဇာ ထုတ်ပေးရန် ငြင်းဆန်လိုက်ကြောင်း ပါလက်စတိုင်း သံအမတ်ကြီးက ဇူလိုင် ၁၉ ရက်တွင် ပြောကြားသည်။

ပါလက်စတိုင်းဝန်ကြီးချုပ်ရုံးမှ တာဝန်ရှိသူခြောက်ဦးသည် ကုလသမဂ္ဂဌာနချုပ်၌ ပြုလုပ်မည့်အစည်းအဝေးတွင် ထောင်စုနှစ်ရည်မှန်းချက် ၁၇ ရပ် ပေါက်မြောက်အောင်မြင်ရေးအတွက် ပါလက်စတိုင်းအစိုးရအဖွဲ့၏ ကြိုးပမ်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရန် စီစဉ်ထားခဲ့ကြောင်း၊ သို့ရာတွင် အမေရိကန်ကောင်စစ်ဝန်ရုံးက ၎င်းတို့ကို ပြည်ဝင်ဗီဇာထုတ်ပေးရန် ငြင်းဆန်ခဲ့ကြောင်း ကုလသမဂ္ဂဆိုင်ရာ ပါလက်စတိုင်းကိုယ်စားလှယ် ရီယက်မန်ဆောက သတင်းထောက်များအား ပြောကြားသည်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ထောင်စုနှစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များနှင့်ပတ်သက်၍ အကောင်အထည်ဖော်လျက်ရှိနေချိန်တွင် ပါလက်စတိုင်း အစိုးရအဖွဲ့၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြရန် ၎င်းတို့ စီစဉ်ထားခဲ့သည်။

ယခုရက်သတ္တပတ်အတွင်း ကုလသမဂ္ဂက ကြီးမှူးကျင်းပမည့် နိုင်ငံရေး ဖိုရမ်ဆွေးနွေးပွဲသို့ ပါလက်စတိုင်း အစိုးရအဖွဲ့တာဝန်ရှိသူများ တက်ရောက်နိုင်ခွင့်မရတော့ကြောင်း၊ သို့ရာတွင် ကုလသမဂ္ဂဆိုင်ရာ ပါလက်စတိုင်း သံအမတ်ကြီးက ပါဝင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ပါလက်စတိုင်းသည် ကုလသမဂ္ဂ၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ရပ်တည်နိုင်ခြင်း မရှိသေးဘဲ လေ့လာသူအဆင့်သာ ရရှိထားသည်။ **အေအက်ဖ်ပီ**



# အာရုံကြောအဆိပ် ထုတ်လုပ်ခဲ့ဖွယ်ရှိသည့်မြို့ကို အသွင်ပြောင်းရန် သမ္မတပူတင် ညွှန်ကြား

**မော်စကို ဇူလိုင် ၁၉**

နိုဗီချော့(ခ်)အာရုံကြော ထိခိုက်စေနိုင်သော အဆိပ်ထုတ်လုပ်ခဲ့သည်ဟု ယူဆရသည့် ဓာတ်ခွဲခန်းတည်ရှိရာ ရှီဟာနီမြို့ကို အသွင်ပြောင်းရန်ဖော်ပြသော အမိန့်ဒီကရီတစ်ရပ်ကို ရုရှားသမ္မတ ဗလာဒီမာပူတင်က လက်မှတ်ရေးထိုးလိုက်ကြောင်း အေအက်ဖ်ပီသတင်းဌာနက သတင်းထုတ်ပြန်သည်။

နိုဗီချော့အဆိပ်ထုတ်လုပ်ခဲ့သည်ဟု ဗြိတိန်ထောက်လှမ်းရေးအဖွဲ့က ယူဆသော ရှီဟာနီမြို့အား အထူးသုတေသနစခန်းမြို့အဖြစ် အဆင့်အတန်းသတ်မှတ်ခဲ့မှုကို အဆုံးသတ်ရန် သမ္မတပူတင်က ဇူလိုင် ၁၈ ရက်တွင် ထုတ်ပြန်သော ညွှန်ကြားချက်တွင် ဖော်ပြထားသည်။

ရုရှားသူလျှိုဟောင်း ဆာဂေးဆကရီပါးကို သတ်ဖြတ်ရန်ကြိုးပမ်းခဲ့ကြသော ထောက်လှမ်းရေးအရာရှိများက နိုဗီချော့အဆိပ်ကို အသုံးပြုခဲ့သည်ဟု ဗြိတိန်အာဏာပိုင်များက ပြောကြားခဲ့ကြသည်။ အဆိုပါအဆိပ်မှာ စစ်ဘက်သုံးဓာတုလက်နက်တစ်မျိုးဖြစ်ပြီး ရုရှားနိုင်ငံတွင် သုတေသနပြုထုတ်လုပ်ခဲ့ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ထရီဇာမေက အတည်ပြုပြောကြားသည်။

ရုရှားနိုင်ငံ ဆာရာကေ့ဒေသရှိ ရှီဟာနီမြို့ငယ်လေးသည် စစ်ဘက်ဆိုင်ရာ သုတေသနအခြေစိုက်စခန်းအဖြစ် လျှို့ဝှက်စွာ တည်ရှိနေခဲ့သည်ဆို၏။ **အေအက်ဖ်ပီ**

# ဂျပန်နိုင်ငံတွင် အပူချိန်မြင့်တက်လွန်ကဲမှုများ ဖြစ်ပေါ်

**ကျိုတို ဇူလိုင် ၁၉**

ဂျပန်နိုင်ငံအရှေ့ပိုင်းနှင့် အနောက်ပိုင်းတို့တွင် နေ့အပူချိန်သာမန်ထက် လွန်ကဲမှုများ ဖြစ်ပွားလျက်ရှိခြင်းကြောင့် ဒေသခံပြည်သူများအား ဂျပန်အာဏာပိုင်များနှင့် ဆေးပညာရှင်များက သတိပေးချက်များ ထုတ်ပြန်ကြေညာထားကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ကျိုတိုမြို့တွင် ညနေ ၄ နာရီခွဲအချိန် တိုင်းတာချက်အရ နေ့အပူချိန် ၃၉ ဒသမ ၈ ဒီဂရီ စင်တီဂရိတ် ရှိခဲ့ပြီး အိုဆာကာစီရင်စုရှိ ဟီရာကာတာမြို့တွင် ၃၈ ဒသမ ၉ ဒီဂရီ စင်တီဂရိတ်အထိ မြင့်တက်လျက်ရှိကြောင်း ရာသီဥတုဆိုင်ရာ တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

အပူချိန်မြင့်တက်လွန်ကဲမှုသည် လူများ၏အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်ကြောင်း ဆေးပညာရှင်များက သတိပေးခဲ့သည်။ နေ့အချိန်တွင် အိမ်အပြင်ဘက်ထွက်ခြင်းမှရှောင်ရှားပြီး လေအေးပေးစက်များသုံးစွဲကာ နေအိမ်များအတွင်းနေထိုင်ရန် ဆေးပညာရှင်များက အကြံပြု ပြောကြားခဲ့သည်။ ထို့ပြင် အပူချိန်မြင့်တက်လွန်းသဖြင့် ကိုယ်ခန္ဓာအားအင်ကုန်ခန်းမှုမရှိစေရန် ဓာတ်ဆားရေနှင့် ရေများများ သောက်သုံးသင့်ကြောင်း ၎င်းတို့က ဆက်လက်သတိပေး ပြောကြားခဲ့သည်။

ယခုလအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဘေးအန္တရာယ်များ ခံစားခဲ့ရသည့် ပြည်သူများအနေဖြင့် ယခုကဲ့သို့ အပူချိန်ပြင်းထန်မှုများကြောင့် ဒုက္ခဆင်းရဲမှုများ ပိုမိုရင်ဆိုင်ရနိုင်ဖွယ် ရှိကြောင်း ကျွမ်းကျင်ပညာရှင်များက ဆိုသည်။ **အင်န်အိတ်ချ်ကေ**



# (၇၁) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ရန်ကုန်မြို့ရှိ NLD ဌာနချုပ်၌ ကျင်းပ




**ရန်ကုန် ဇူလိုင် ၁၉**

တိုင်းပြည်အတွက် အသက်ပေးစွန့်လွှတ်ခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို သတိရဂုဏ်ပြုသောအားဖြင့် (၇၁) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟိုဌာနချုပ်)၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ အခမ်းအနားမကျင်းပမီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဗဟိုဌာနချုပ်)ရှေ့၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးချိန် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် အာဇာနည်ခေါင်းဆောင်ကြီးများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက ပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ ငြိမ်သက်၍ ဂါရဝပြုကြသည်။

ထို့နောက် အခမ်းအနားကို စတင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ ဒီမိုကရေစီအရေးတော်ပုံ အဆင့်ဆင့်တွင် ကျဆုံးသွားခဲ့ရသော ရဟန်းရှင်လူ၊ ကျောင်းသားပြည်သူတို့အား ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖြင့် ရှစ်စက္ကန့် ငြိမ်သက်ခြင်းတို့ကို ပြုလုပ်ကြသည်။

ယင်းနောက် သဘာပတိဖြစ်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးညဏ်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးသိန်းဦးက (၇၁) နှစ်မြောက် အာဇာနည်နေ့ကြေညာချက်အား ဖတ်ကြားကာ အခမ်းအနားသို့ ပေးပို့လာသော သဝဏ်လွှာများကို မှတ်တမ်းတင်သည်။

အခမ်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ဝါရင့်နိုင်ငံရေးသမားများ၊ သံတမန်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်က "အာဇာနည်နေ့ အခမ်းအနားတွေကို အာဇာနည်ဗိမာန်မှာ ခမ်းနားစွာ ပြုလုပ်တဲ့အပြင် မြို့နယ်တွေအလိုက် နေရာအသီးသီးမှာ ကျင်းပနေကြပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ ကိုယ်ကျိုးစွန့်လွှတ်ပြီး ဆောင်ရွက်ခဲ့မှုတွေကို ပြည်သူတွေက တန်ဖိုးထားလေးစားပြီး အသိအမှတ်ပြုတဲ့အနေနဲ့ ကျင်းပနေကြတာဖြစ်ပါတယ်။ ဒီလိုအာဇာနည်တွေ ဖြစ်လာဖို့အတွက်ဆိုရင် အနာဂတ်လူငယ်တွေကို ကျောင်းနေအရွယ်ကနေစတင်ပြီး မြင့်မြတ်တဲ့ စိတ်ဓာတ်တွေ ကိန်းအောင်နေဖို့လိုပါတယ်။ အဲဒီလို စိတ်ဓာတ်တွေ ကိန်းအောင်းနိုင်ဖို့အတွက် စနစ်တကျ ပြုစုပျိုးထောင်သင်ကြားပေးဖို့ လိုအပ်ပါတယ်"ဟု ပြောသည်။

ယနေ့ကျင်းပသည့်အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် အချက် ကိုးချက်ပါသော ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

## ❒ အာဇာနည်နေ့မှ



အာဇာနည်နေ့တွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး ပါလီမန်အဆောက်အအုံအတွင်းရှိ ပြခန်းများအား လာရောက်လေ့လာသူများကို တွေ့ရစဉ်။

၁၉၄၇ ခုနှစ် အခင်းဖြစ်ပွားတုန်းကအချိန်ကို ဓာတ်ပုံထုတ်ပြီးတော့ အောက်မှာ ဓာတ်ပုံနဲ့တကွ ယှဉ်တွဲပြသပေးထားပါတယ်။ ဒါကြောင့်မို့လို့ လာရောက်ကြည့်ရှုသူတွေအနေနဲ့ ဗိုလ်ချုပ်တို့ကျဆုံးသွားစဉ်ကာလက ခုံနေရာအနေအထားတွေ၊ အထားအသိုတွေကို ကြည့်ရှုနိုင်သလို အခန်းရဲ့ ပြောင်းလဲသွားတဲ့ လက်ရှိအနေအထားကိုလည်း ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ ပါလီမန် အဆောက်အအုံထဲမှာလည်း ပြခန်းတွေ ပြသပေးထားပါတယ်" ဟု ဝန်ကြီးများရုံးမှ ပြန်ကြားရေးတာဝန်ခံ ကိုဖွဲ့ရဲရင့်က ပြောသည်။

ယနေ့ကျင်းပသည့် အာဇာနည်နေ့ အခမ်းအနားသို့ ကျောင်းများမှ လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများ၊ အဖွဲ့အစည်းများ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်ဂါရဝပြုကြသည့် ရဟန်းရှင်လူပြည်သူများဖြင့် ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)မှာ စည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။

"အရင်နှစ်ကလည်း လာရောက်ဂါရဝပြုခဲ့ပါတယ်။ ဗိုလ်ချုပ်တို့ ကျဆုံးခဲ့တဲ့နေရာကို အခုလို လာရောက်ပြီးတော့ ဂါရဝပြုရတာ ရင်ထဲမှာ ပိုထိတယ်လို့ ခံစားရပါတယ်။ နောင်လာနောက်သားတွေအနေနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ စွန့်လွှတ်အနစ်နာခံမှုတွေ၊ သူတို့ရဲ့ကြိုးပမ်းဆောင်ရွက်ခဲ့မှုတွေကို မမေ့ကြဖို့ အရေးကြီးတယ်လို့ ထင်ပါတယ်။ မိုးဖွဲဖွဲလေးတွေရဲ့အောက်မှာ ဝမ်းနည်းမှုတွေနဲ့အတူ လေးစားမှုတွေနဲ့ အလေးပြုခဲ့ပါတယ်" ဟု ကချင်ပြည်နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုသန့်ဇော်လတ်က အခမ်းအနားတက်ရောက်မှုအပေါ် ၎င်း၏ ခံစားချက်ကို ပြောကြားသည်။

မန္တလေးမှ လာရောက်ဂါရဝပြုသည့် ဦးပဥ္စင်း ဦးဣန္ဒသာရကလည်း "ဦးပဥ္စင်းက မန္တလေးကနေ လာတာပါ။ ဒါပထမဦးဆုံးအကြိမ် ရောက်ဖူးတာပါ။ အာဇာနည်ခေါင်းဆောင်ကြီးတွေကို လေးစားသမှုနဲ့ လာရောက်ဂါရဝပြုတာပါ။ ဦးပဥ္စင်းအမြင်ပြောရရင် အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦးကျဆုံးသွားတာဟာ သူတို့ရဲ့မိသားစုဝင်တွေအတွက်သာမဟုတ်ဘဲ မြန်မာတစ်မျိုးသားလုံးအတွက် အစားထိုးမရနိုင်တဲ့ ဆုံးရှုံးမှုကြီးပါပဲ။ အဲဒီလို လုပ်ကြံခံရတာဟာ တစ်မျိုးသားလုံး လုပ်ကြံခံရတယ်လို့ မြင်ပါတယ်"ဟု ပြောသည်။

"မြန်မာတစ်မျိုးသားလုံးအတွက် အသက်ပေးဆပ်သွားကြတဲ့ အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦးကို ဂုဏ်ပြုတဲ့အနေနဲ့ရယ်၊ နောက်ပြီး ရင်ထဲမှာ ဝမ်းနည်းဝမ်းသာ ဖြစ်ရသလို ဂုဏ်ယူစွာနဲ့ လာရောက်ဂါရဝပြုရခြင်းဖြစ်ပါတယ်။ မြန်မာပြည်သူပြည်သားတွေလည်း ကျွန်မလိုပဲ အာဇာနည်ခေါင်းဆောင်ကြီးတွေကို ကမ္ဘာတည်သရွေ့ ရင်ထဲမှာ လွမ်းဆွတ်သတိရ ဂုဏ်ယူနေကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ အရင်နှစ်ကတော့ အာဇာနည်ကုန်းမှာပဲ ဂါရဝပြုဖြစ်ခဲ့ပါတယ်။ ဒီနှစ်ကတော့ မိုးရွာရွာ နေပူပူသွားမယ်လို့ ဆုံးဖြတ်ပြီးတော့ လာခဲ့တာပါ။ တကယ်တော့ အာဇာနည်ခေါင်းဆောင်ကြီးတွေ အသက်ပေးဆပ်ခဲ့ရတဲ့ ဒီဝန်ကြီးများရုံးကို လာချင်ခဲ့တာပါ။ ရင်ထဲမှာလည်း အာဇာနည်တွေရဲ့ ကျန်ရစ်သူမိသားစုတွေနဲ့ ထပ်တူခံစားရပါတယ်"ဟု အမျိုးသမီးများ ကျန်းမာသန်စွမ်းလှပဖို့ နေ့စဉ် မှန်မှန်လေ့ကျင့်ခန်းလုပ်ကြစို့ (MNTV) အစီအစဉ်မှ အားကစားနည်းပြ ဆရာမ ဒေါ်ခင်ထွေး(ခ)ဒေါ်ခင်မမက ပြောသည်။

ရဟန်းရှင်လူပြည်သူများ လာရောက်လေ့လာနိုင်စေရန်အတွက် ဝန်ကြီးများရုံးကို ဇူလိုင် ၁၉ ရက်(အာဇာနည်နေ့)မှ ဇူလိုင် ၂၁ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၆ နာရီထိ သုံးရက်တိုင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် အာဇာနည်နေ့ နံနက်ပိုင်းမှစတင်၍ လာရောက်လေ့လာဂါရဝပြုသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

ယခုနှစ် အာဇာနည်နေ့တွင် ဗိုလ်ချုပ်ပြတိုက်၏ အပေါ်ထပ်ကို တက်ရောက်ကြည့်ရှုရန် ခွင့်ပြုထားခြင်းမရှိဘဲ အပေါ်ထပ်တွင် ခင်းကျင်းပြသထားသည့် ပြခန်း ငါးခုအား (၁၃ × ၈) ပေခန့်ရှိ LED ဘုတ်ဖြင့် လှည့်ပတ်ပြသထားပြီး ပြတိုက်ပတ်လမ်းတစ်လျှောက်တွင် ဘုတ်ကြီး ၁၆ ခုဖြင့် ဗိုလ်ချုပ်၏ အဆိုအမိန့်များ၊ ရှားပါးဓာတ်ပုံများအား ခင်းကျင်းပြသထားသည်ကို တွေ့ရသည်။

"အခု ဇူလိုင်လဆန်းလောက်က မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ဗိသုကာ ပညာရှင်များအသင်း၊ ရန်ကုန်ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့တွေနဲ့ပူးပေါင်းပြီး တိုင်းတာတွက်ချက်မှုတွေအရ အပေါ်ထပ်ကို လူအများကြီး တက်ရောက်ဖို့ ခွင့်မပြုသင့်ဘူးလို့ သုံးသပ်တွေ့ရှိရပါတယ်။

"ပြီးခဲ့တဲ့နှစ် အာဇာနည်နေ့က လူပေါင်း ၃၂၀၀၀ ကျော် လာရောက်မှုရှိခဲ့ပါတယ်။ အဲဒီတော့ အပေါ်ထပ်မှာ တစ်နာရီကို လူ ၃၀၀ လောက် အမြဲရှိနေပါတယ်။ အဲဒီလူ ၃၀၀ ရဲ့ အလေးချိန်ကို ခံနိုင်ဖို့အတွက် ကြံ့ခိုင်မှုဆိုင်ရာ အားနည်းချက်တွေ တွေ့ရှိရပါတယ်။ စဆောက်တုန်းက နေအိမ်အဖြစ် ဆောက်ခဲ့တာဖြစ်ပြီး နှစ်သက်တမ်းကလည်း ၉၇ နှစ်ရှိပြီဖြစ်တာကြောင့် ကြံ့ခိုင်မှုဆိုင်ရာ ပြဿနာတွေ ရင်ဆိုင်ရနိုင်တာကြောင့် ဒီနှစ်မှာ အပေါ်ထပ်တက်ရောက်ခွင့်ကို ခွင့်မပြုတာဖြစ်ပါတယ်" ဟု ဗိုလ်ချုပ်အောင်ဆန်းပြတိုက် တာဝန်ခံ အမျိုးသားပြတိုက် (ရန်ကုန်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်စိုးက ပြောသည်။

ယခုနှစ် အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ကြသည့် ရဟန်းရှင်လူပြည်သူများ အဆင်ပြေချောမွေ့စွာ လေ့လာကြည့်ရှုနိုင်စေရန်အတွက် လျှောက်လမ်း/ပတ်လမ်းအား ယခင်အကျယ် ငါးပေမှ ခြောက်ပေခွဲအထိလည်းကောင်း၊ ဗိုလ်ချုပ်စိုက်ခင်းသို့ သွားသည့်လမ်းအား ယခင် သုံးပေခွဲခန့်မှ ခြောက်ပေခွဲအထိလည်းကောင်း တိုးချဲ့ပေးထားပြီး ကန်သို့ သွားသည့်လမ်းအား ယခင်လမ်းဟောင်းမဟုတ်ဘဲ ဖြတ်လမ်းသဘောမျိုးဖြင့် ခြောက်ပေခွဲ အကျယ် ဖောက်လုပ်ပေးထားကာ ဝှီးချဲဖြင့် လာရောက်သူများ အဆင်ပြေစေရန် အတွက်လည်း ဝှီးချဲဖြင့် သွားလာနိုင်သည့် လမ်းအား ဖောက်လုပ်ပေးထားသည်ကို တွေ့ရသည်။

"ပြီးခဲ့တဲ့ နှစ်(၇၀)ပြည့် အာဇာနည်နေ့မှာ ကြုံတွေ့ခဲ့ရတဲ့ အားနည်းချက်၊ အားသာချက်တွေကို ခြုံငုံသုံးသပ်ပြီးတော့ ဒီနှစ်မှာ လိုအပ်ချက်တွေကို ထပ်မံဖြည့်စွက်လုပ်ဆောင်ထားလို့ လာရောက်ကြသူတွေအတွက် အဆင်ပြေချောမွေ့စေမှာပါ။ အထူးသဖြင့် သက်သောင့်သက်သာ သွားလာလို့ရအောင် လမ်းတွေကို ဆောင်ရွက်ပေးထားပါတယ်။ ဝှီးချဲနဲ့လာတဲ့သူတွေ အဆင်ပြေပြေ သွားလာလို့ရအောင်လည်း စီစဉ်ဆောင်ရွက်ပေးထားပါတယ်"ဟု ဦးခင်မောင်စိုးက ပြောသည်။

"မိသားစုနဲ့ ကလေးတွေကို ဗိုလ်ချုပ်ပြတိုက်ကို လာရောက်ပြသတာပါ။ သူတို့လေးတွေ သိအောင်လို့ လေ့လာလို့ရအောင် လာခဲ့တာပါ။ ကလေးတွေအတွက် အလုပ်ပျက်ခံ၊ အပင်ပန်းခံပြီး လာခဲ့တာပါ။ ဒါဒို့တိုင်းပြည်ကို လွတ်လပ်ရေးရအောင် ကြိုးပမ်းပေးခဲ့တဲ့ ဗိုလ်ချုပ်အိမ်ဆိုတာကို ကလေးတွေ သိအောင် လာပြတာပါ။ ပြန်မှသူတို့လေးတွေရဲ့ အတွေ့အကြုံကို ပြန်မေးမှာပါ။ ဒီမှာ ပြည်သူတွေ လွတ်လပ်စွာ လေ့လာခွင့်ရတယ်။ စုံစုံလင်လင်ကြည့်ခွင့်ရတယ်။ တာဝန်ရှိသူတွေဘက်ကလည်း ကူညီပေးတယ်။ အလွန်အားရဖို့ကောင်းတယ်။ အဲလိုမျိုးတွေ အမြဲတမ်းဖြစ်စေချင်တယ်"ဟု တာမွေမြို့နယ်မှ လာရောက်သူ ကိုနေမင်းထွန်းက ပြောသည်။

ဗိုလ်ချုပ်ပြတိုက်အား ယနေ့ (အာဇာနည်နေ့)မှ ဇူလိုင် ၂၁ ရက်အထိ အာဇာနည်နေ့ အထိမ်းအမှတ် အထူးပြပွဲအဖြစ် သုံးရက်တိုင် ပြသသွားမည်ဖြစ်ကြောင်း၊ ထိုသုံးရက် ကျော်လွန်ပါက အပေါ်ထပ် တက်ရောက်ကြည့်ရှုခွင့်ကို ပြန်လည်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ ပြတိုက်အား တနင်္လာနေ့နှင့် အစိုးရပြန်တမ်းဝင်ရုံးပိတ်ရက်များမှလွဲ၍ ကျန်သည့်ရက်များတွင် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ထားကြောင်း။

ပြည်တွင်းမှ သံဃာ၊ သီလရှင်၊ ကလေး၊ လူကြီးများအား အခမဲ့ ဝင်ရောက်ခွင့်ပြုထားပြီး နိုင်ငံခြားသားများအား ကျပ် ၅၀၀၀ ကောက်ခံကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ဗိသုကာပညာရှင်များအသင်း၊ ရန်ကုန်ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး အဖွဲ့တို့နှင့်ပူးပေါင်း၍ မွမ်းမံပြင်ဆင်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တာဝန်ခံ ဦးခင်မောင်စိုး၏ ပြောကြားချက်အရ သိရသည်။

**သတင်း-ဟိန်းထက်လင်း(ကြေးမုံ)၊ အေးမင်းသူ၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင် ၁၉ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၀ တွင် ဖော်ပြခဲ့သော "ဗိုလ်ချုပ်နှင့် ပြည်ထောင်စုအမှတ်လက္ခဏာ" ဆောင်းပါး၏ ဒုတိယကော်လံ တတိယစာပိုဒ် စာကြောင်းရေ ခြောက်ကြောင်းမြောက်တွင် "တိုရန်တိုညီလာခံ"အစား "ဆိုရန်တိုဗီလာ" ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်း**

# ကွတ်ခိုင်မြို့နယ်နှင့် လားရှိုးမြို့တို့တွင် ဘိန်းညွှန်မှုန့်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၉**

မူးယစ်တပ်ဖွဲ့စု ၂၂ မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၇ ရက် ည ၈ နာရီခန့်က ကွတ်ခိုင်မြို့အထွက် ကွတ်ခိုင်-တာမိုးညဲ သွားကားလမ်း နမ့်ဟူးကျေးရွာအနီးတွင် ကျုံးလီခမ်း မောင်းနှင်လာသည့် TOYOTA LANDCRUISER မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းညွှန်မှုန့် ၂၁၈ ထုပ်(ဘိန်းညွှန်မှုန့်အလေးချိန် ၂၁၈ ကီလို)နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဇူလိုင် ၁၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးနှင့် လားရှိုးမြို့နယ် ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ နယ်မြေ ၅ အမှတ်(၁၂)ရပ်ကွက် ဈေးတန်းလမ်းတွင်နေထိုင်သူ လော်ဖိန်း(ခ)စိုးနိုင်လင်း(ခ) လီလျှိုဆူးအား နေအိမ်၌ ဖမ်းဆီးရမိခဲ့သဖြင့် လော်ဖိန်း(ခ)စိုးနိုင်လင်း(ခ) လီလျှိုဆူး(၂၂)နှစ်နှင့် ကျုံးလီခမ်း(၂၅)နှစ်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**လော်ဖိန်း(ခ) စိုးနိုင်လင်း(ခ) လီလျှိုဆူးနှင့် ကျုံးလီခမ်းတို့ကို သိမ်းဆည်းရမိသည့် ဘိန်းညွှန်မှုန့်များနှင့်အတူ တွေ့ရစဉ်။**

# နမ့်ခမ်းမြို့နယ် အွယ်လောကျေးရွာတစ်ဝိုက် နယ်မြေလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် TNLA လက်နက်ကိုင်အဖွဲ့တို့ ထိတွေ့တိုက်ပွဲဖြစ်ပွား

**နေပြည်တော် ဇူလိုင် ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်အတွင်း စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းတစ်ကြောင်းသည် သတင်းအရ နယ်မြေရှင်းလင်းစဉ် ဇူလိုင် ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် မန်ဝန်းကျေးရွာအုပ်စု အွယ်လောကျေးရွာ၏အရှေ့တောင်ဘက် မီတာ ၂၁၀၀ ခန့်အကွာသို့အရောက်၌ TNLA လက်နက်ကိုင်အဖွဲ့မှ အင်အား ၃၀ ခန့်နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် မိမိဘက်မှ စစ်သည်တစ်ဦး မစိုးရိမ်ရ ဒဏ်ရာရရှိခဲ့ပြီး TNLA အဖွဲ့မှ ရှစ်ဦး၏ အလောင်းများအား လက်နက်ငယ်မျိုးစုံ သုံးလက်၊ လျှိုအတွင်း ထိုးကျပျက်စီးနေသည့် Toyota Hilux Double Cub ယာဉ် အမျိုးအစား တစ်စီးတို့နှင့်အတူ သိမ်းဆည်းရမိခဲ့ကြောင်း။

ဖြစ်စဉ်နေရာအား အသေးစိတ်ရှင်းလင်းရာ သေဆုံးနေသည့် TNLA အဖွဲ့မှ ပြောက်ကျားယူနီဖောင်းဝတ် အမျိုးသားအလောင်း သုံးလောင်း၊ ပြောက်ကျားယူနီဖောင်းဝတ် အမျိုးသမီးအလောင်း ငါးလောင်း၊ အမ်-၂၂ အမျိုးအစား သေနတ် နှစ်လက်၊ အမ်-၂၁ အမျိုးအစား သေနတ်တစ်လက်၊ ၎င်းကျည်အိမ် ရှစ်ခု၊ ကျည် ၁၃၂ တောင့်၊ အီကွေ့မင့် ရှစ်စုံနှင့် လက်ပစ်ဗုံး သုံးလုံးတို့အား သိမ်းဆည်းရမိခဲ့ပြီး ၎င်းတို့၏ ရုပ်အလောင်းများအား ဖြစ်စဉ်ဖြစ်ပွားရာ နေရာအနီးတစ်ဝိုက်၌ ညနေ ၅ နာရီခန့်တွင် စနစ်တကျ ကောင်းမွန်စွာ မြေမြှုပ်သင်္ဂြိုဟ်ပေးခဲ့ကြောင်း။

ဖြစ်စဉ်ဖြစ်ပွားမှုအား အသေးစိတ်စိစစ်ရာ လျှိုအတွင်း ထိုးကျပျက်စီးသည့် Toyota Hilux Double Cub ယာဉ်မှာ မန်တုံမြို့နယ် မဟိုချောင်း၊ နမ့်နတ်-ဟွေလောင်း ဒေသတစ်ဝိုက်တွင် သတ္တုစမ်းသပ်တူးဖော်ခွင့်ရရှိထားသည့် နေ့သစ်အာရှသတ္တုတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီပိုင်ယာဉ်ဖြစ်ပြီး တိုက်ပွဲဖြစ်စဉ်၌လည်း အဆိုပါကုမ္ပဏီမှ ဝန်ထမ်းများဖြစ်သော ဦးစိုင်းကျော်အေးနှင့်အဖွဲ့ဝင် သုံးဦးပါဝင်သည်ကို စိစစ်သိရှိရကြောင်း။

ဆက်လက်၍ ဖြစ်စဉ်မှန်ကန်မှု ရှိ၊ မရှိ စိစစ်ခဲ့ရာ ဦးစိုင်းကျော်အေးနှင့် ဝန်ထမ်း သုံးဦးမှာ ဇူလိုင် ၁၁ ရက်တွင် လုပ်ကွက်မှ နမ့်ခမ်းသို့ အဆိုပါ မော်တော်ယာဉ်ဖြင့် ဈေးဝယ်သွားစဉ် ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် TNLA အဖွဲ့မှ ယာဉ်အားတား၍ အွယ်လောရွာသို့ ပို့ဆောင်ပေးရန် အကူအညီတောင်းခံလျက် လိုက်ပါစီးနင်းလာစဉ် ယခုကဲ့သို့ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း၊ တိုက်ပွဲအတွင်း ဝန်ထမ်းများဖြစ်သည့် ဦးစိုင်းကျော်အေး၏ ညာလက်ဖျံနှင့် ဦးစိုင်းဖေဝင်း၏ ညာခြေသလုံးတို့တွင် ဒဏ်ရာအနည်းငယ်စီရရှိခဲ့ပြီး တရုတ်နိုင်ငံ မန်စီမြို့ရှိ တာဟောင်တိုင်းဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည်ဟု စိစစ်ဖော်ထုတ်ရရှိခဲ့ကြောင်း။

သို့ဖြစ်၍ ဇူလိုင် ၁၁ ရက် TNLA အဖွဲ့နှင့် ဖြစ်ပွားခဲ့သော တိုက်ပွဲဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးမှုတွင်ပါဝင်ခဲ့သည့် အမျိုးသမီး ငါးဦးနှင့်ပတ်သက်ပြီး ဖြစ်စဉ်အကြောင်းရင်းအမှန်အား စိစစ်ချက်များအရ တပ်မတော်သတင်းမှန်ပြန်ကြားရေးကော်မတီက ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာဆီယံကျောင်းများ အားကစားပြိုင်ပွဲတွင် မြန်မာကျောင်းသားများ ယှဉ်ပြိုင်မည်

**ရန်ကုန် ဇူလိုင် ၁၉**

မလေးရှားနိုင်ငံ Shah Alam, Selangor မြို့တွင် အိမ်ရှင်အဖြစ် ဇူလိုင် ၁၉ ရက်မှ ၂၇ ရက်အထိ လက်ခံကျင်းပမည့် 10th ASEAN School Games ပြိုင်ပွဲသို့ မြန်မာ ကျောင်းသား ကျောင်းသူ အားကစားအဖွဲ့ ခုနစ်ဖွဲ့သည် အားကစားနည်း ခုနစ်နည်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် ရေကူး၊ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ ကျွမ်းဘား၊ ဘော်လီဘော ကစားနည်း ခုနစ်မျိုးတွင် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများနှင့် အားကစားအဖွဲ့ချုပ်များ၌ လေ့ကျင့်နေသော အခြေခံပညာဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။



မြန်မာအားကစားအဖွဲ့တွင် အုပ်ချုပ်သူအဖွဲ့ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း၊ ဒုတိယအဖွဲ့ခေါင်းဆောင် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုးနှင့် အုပ်ချုပ်၊ နည်းပြ၊ ဆေးအဖွဲ့၊ မှတ်တမ်းနှင့် အားကစားသမား စုစုပေါင်း ၁၀၄ ဦးတို့သည် ဇူလိုင် ၁၉ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သိရသည်။

**ကြေးမုံ**

## မြန်မာ့ရုပ်မြင်သံကြား

**၂၀-၇-၂၀၁၈ (သောကြာနေ့)**

**နံနက်ပိုင်း**

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၇း၃၅ MRTV Travelogue
၈း၃၅ **“မီးတစ်ပွင့်၏ရာဇဝင်”** (အပိုင်း-၂)
၉း၁၅ မျက်မှောက်ရေးရာအဖြာဖြာ
၁၀း၃၀ လူမှုစီးပွားမြင်ကွင်းများ
၁၁း၃၀ အလုပ်သမားရေးရာအစီအစဉ်
၁၂း၃၀ “မြွေဟောက်ဒူးပျံ” (ဝေယံဖြိုး၊ မင်းခန့်၊ သီရိလှိုင်) (ဒါရိုက်တာ-ဟိန်းအောင်)
၁၃း၄၀ မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အောင်ထွန်းလေး)
၁၄း၃၅ “Weekly MNL Review” (Week-20)
၁၅း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ “မကြွေတဲ့နှင်းဆီ” (အပိုင်း-၆၆)

**ညပိုင်း**

၁၆း၂၀ “1 ON 1 Football Skills Challenge Cup ပြိုင်ပွဲအစီအစဉ်”
၁၇း၀၅ ကျန်းမာရေးမဂ္ဂဇင်း “ကျန်းမာရေးနှင့်ပတ်သက်ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ပြည်သူများသိသင့်သော အခြေခံအချက်များ”
၁၇း၂၀ “ပလတ်စတစ်စွန့်ပစ်ပစ္စည်း လျှော့ကျဖို့နည်းလမ်းများ ရှာဖွေသုံးစွဲစို့”
၁၇း၃၅ Weekly Sport Info
၁၈း၂၀ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် “ဝိုင်းကြီးချုပ်စပွန်ဆာ”နှင့် “ကြွေ”
၁၉း၁၅ မြန်မာဇာတ်လမ်းတွဲ “ဇနီးချောများကွန်ရက်” (အပိုင်း-၁၇) (ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ-အောင်သြဘာ)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ “ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင် ပြုစုခြင်းအကြောင်း သိကောင်းစရာ”
-Britain's Got Talent (4)
-“မှိုခိုရာ”(သီလ)
**- အစီအစဉ်ပြီး၏။**

# ရေပူစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၉**

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ခရီးသည်တင်ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် အိတ်များအတွင်း ထည့်သွင်းသယ်ဆောင်လာသည့် လိပ်အမျိုးအစား၊ အရွယ်စုံ စုစုပေါင်း ၉၅ ကောင်နှင့် အဆိုပါပစ္စည်း သယ်ဆောင်သည့် ယာဉ်တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅ ဒသမ ၀၀၀ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၈၉ စီး၊ သွင်းကုန် ၉၁၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၉ စီး၊ သွင်းကုန် အစီး ၁၇၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅ ဒသမ ၀၀၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၆၈၁ သန်းခန့်) စုစုပေါင်း တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆ ဒသမ ၆၈၁ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရောဝတီနှင့် ပဲခူးမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၁၉**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အလားတူ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သဖြင့် ဟင်္သာတမြို့နယ်နှင့် ပဲခူးမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**ကြေးမုံ**

**■ ၂၀ ရာစုနှစ်မှ**

ရွေ့လျားနေကြောင်း၊ ဘဲဥပုံစံလမ်းကြောင်းကို တာဝေးပြေးလမ်းတစ်ခုပုံစံ သတ်မှတ်ကြည့်လျှင် ပုံမှန်ပြေးနှုန်းအတိုင်း ပြေးနေသည်ဟုဆိုသော်လည်း အနီးဆုံးအချိန်မှာ ခရီးရောက်မြန်ပြီး အဝေးဆုံးအချိန်မှာ အချိန်ပိုကြာကြာ ပြေးရမည်ဖြစ်ကြောင်း၊ လသည် ဒုတိယဝါဆိုလပြည့်ညတွင် ကမ္ဘာနှင့်အဝေးဆုံး အကွာအဝေးသို့ ရောက်ရှိနေမည်ဖြစ်ပြီး အရွယ်အစားမှာလည်း ပုံမှန်ထက် သေးငယ်နေမည်ဖြစ်ကာ အဝေးဆုံးပတ်လမ်းကြောင်းကို ပတ်နေရသည့်အတွက် ပုံမှန်ထက်လည်း နှေးကွေးနေမည်ဖြစ်ကြောင်း၊ ထို့အတွက်ကြောင့် လပြည့်အမှတ် စဝင်ချိန်မှ ပြန်ထွက်ချိန်သည်လည်း သုံးရက်ခန့် ကြာမြင့်မည်ဖြစ်သလို အမှန်တကယ် လပြည့်ည ရောက်ချိန်ဖြစ်သည့် ကမ္ဘာအရိပ်တည့်တည့်ကို ဖြတ်သန်းချိန်(တစ်နည်း) လကြတ်ချိန်မှာလည်း ကြာမြင့်မည်ဖြစ်ကြောင်းနှင့် ဇူလိုင် ၂၆ ရက်နှင့် ၂၈ ရက်ညများမှာ လပြည့်အမှတ်ဟု ဆိုထားသော်လည်း အနားသတ်များတွင် အနည်းငယ် မှောင်နေမည်ဖြစ်ကြောင်းနှင့် လထွက်ချိန်၊ ဝင်ချိန်များမှာ အချိန်သိပ်မကွာလှကြောင်း အာကာသနှင့် စကြဝဠာ၏ လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြထားချက်အရ သိရသည်။

**ပွင့်သစ္စာ**

# လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး၏ ရှေ့ခရီး

မောင်စာဂ

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းရမည့် နောက်ဆုံးနေ့ရက် ၂၀၁၈ ခုနှစ် ဇူလိုင် ၁၁ ရက်သည် ပြည့်မြောက်သွားပြီဖြစ်သည်။ အမည်စာရင်းတင်သွင်းမှု အခြေအနေကို လေ့လာကြည့်ရာ တွင် နိုင်ငံရေးပါတီပေါင်း ၂၄ ခုက ကိုယ်စားလှယ်လောင်း ၆၂ ဦး၊ တစ်သီးပုဂ္ဂလအမည်စာရင်းတင်သွင်းသူ ခုနစ်ဦး စုစုပေါင်း ၆၉ ဦး အမည်စာရင်း တင်သွင်းထားသည်။

သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက အမည်စာရင်း တင်သွင်းလာမှုအပေါ် ရွေးကောက်ပွဲဥပဒေများနှင့်အညီ စိစစ်မှုများ ပြုလုပ်ကြမည်။ ပြီးလျှင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများကို သတ်မှတ်ထားသော ပုံစံ(၁၀) ဖြင့် အတည်ပြုကြေညာသွားမည်။ ပုံစံ(၁၀) ဖြင့် အတည်ပြုကြေညာချက်တွင်ပါရှိသော လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ဆက်လက်လှုပ်ရှား ဆောင်ရွက်ကြရတော့မည်ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး၏ ရှေ့ခရီးသည် အချိန်တိုအတွင်း လုပ်ငန်းများစွာကို ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရတော့မည်။

ဤတွင် ကိုယ်စားလှယ်လောင်းတစ်ဦး မည်သည့်အခွင့်အရေးများရှိသနည်း။ မည်သည်ကို ဆောင်၍ မည်သည်ကို ရှောင်ရမည်နည်း။ ရွေးကောက်ပွဲဥပဒေများတွင် မည်သို့ ပြဋ္ဌာန်းထားသနည်း။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မည်သို့ညွှန်ကြားထားသနည်း။ အရေးပါသည့် အချက်အလက်အနှစ်ချုပ်ကို ကောက်နုတ်ဖော်ပြပါရစေ။

### အခွင့်အရေးများ

၁။ အတည်ပြုပြီး မဲစာရင်းတစ်စုံကို အခမဲ့ကူးယူခွင့်ရှိသည်၊
၂။ မိမိကိုယ်ကိုဖြစ်စေ၊ အခြားသူတစ်ဦးဦးကိုဖြစ်စေ မိမိ၏ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်ထားခွင့်ရှိသည်၊
၃။ မဲရုံအသီးသီး၌ မိမိ၏ကိုယ်စားဆောင်ရွက်ရန် မဲရုံကိုယ်စားလှယ်တစ်ဦးနှင့် အကူ ကိုယ်စားလှယ်တစ်ဦးခန့်ထားခွင့်ရှိသည်၊
၄။ လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၊ နည်းဥပဒေများ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ သတ်မှတ်ကာလအတွင်း မဲဆွယ်စည်းရုံးဟောပြောခွင့်နှင့် ရေးသားပုံနှိပ်ထုတ်ဝေစည်းရုံးခွင့်ရှိသည်၊
၅။ မဲဆွယ်စည်းရုံးရာတွင် သတ်မှတ်ထားသည့်အတိုင်း ငွေကျပ် သိန်းတစ်ရာအထိ သုံးစွဲခွင့်ရှိသည်၊
၆။ ကြိုတင်ဆန္ဒမဲပေးခြင်း၊ မဲရုံတွင်ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲပေးခြင်းလက်မှတ်များကို ရေတွက်ခြင်း စသည့် လုပ်ငန်းစဉ်အားလုံး ကြည့်ရှုခွင့်ရှိသည်၊
၇။ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့်စပ်လျဉ်း၍ သတ်မှတ်ထားချက်များနှင့်အညီ တိုင်းတန်းလျှောက်ထားခွင့်ရှိသည်၊
၈။ ရွေးကောက်တင်မြှောက်ခံရသူအား ကန့်ကွက်လိုလျှင် သတ်မှတ်ထားချက်များနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်လွှာ တင်သွင်းနိုင်ခွင့်ရှိသည်။

### ဆောင်ရန်အချက်များ

၁။ လွှတ်တော်ကိုယ်စားလှယ်လောင်း အတည်ပြုပြီးသည့်အခါ ကိုယ်စားလှယ်လောင်း စိစစ်ရေးကတ်ပြားကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲမှ ထုတ်ယူရန်၊
၂။ မဲဆွယ်စည်းရုံးခြင်း အသုံးစရိတ်ငွေများနှင့် စပ်လျဉ်း၍ ငွေစာရင်းစာအုပ် စနစ်တကျထားရှိပြီး မှန်ကန်စွာရေးသွင်းရန်၊
၃။ ရွေးကောက်ပွဲပြီးစီးသည့်အခါ ရွေးကောက်ပွဲကုန်ကျငွေစာရင်းကို ပုံစံ (၂၀) ဖြင့် ရေးသွင်း၍ ရွေးကောက်တင်မြှောက်ခံရသည့် ကိုယ်စားလှယ်၏ အမည်ကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းရန်၊
၄။ ရွေးကောက်ပွဲကျင်းပပြီးနောက် ဆန္ဒမဲများ စာရင်းဖြည့်သွင်းသည့် လွှတ်တော်အလိုက် သတ်မှတ်ထားသည့် မဲစာရင်းပုံစံများတွင် မိမိနှင့် သက်ဆိုင်သည့် မဲစာရင်းအရေအတွက် ပုံစံများ၌ လက်မှတ်ရေးထိုးရန်၊
၅။ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိပါးစေမည့် အန္တရာယ်ကြုံလာပါက သက်ဆိုင်ရာအုပ်ချုပ်ရေးနှင့် လုံခြုံရေးအဖွဲ့များက တည်ဆဲဥပဒေများနှင့်အညီ စီမံဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊
၆။ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်ကို လေးစားလိုက်နာရန်။

### ရှောင်ရန်အချက်များ

၁။ လူမျိုးရေး၊ ဘာသာရေး၊ လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့်ပတ်သက်၍ ပဋိပက္ခ ဖြစ်ပေါ်စေနိုင်သည့် ရေးသားဟောပြောမှု၊ စည်းရုံးလှုံ့ဆော်မှုများ မပြုရန်၊
၂။ ပြိုင်ဘက်ပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၏ ဂုဏ်သိက္ခာညှိုးနွမ်းစေသော ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှု၊ အကြမ်းဖက်မှု၊ အမုန်းပွားမှုများကို ဖြစ်ပေါ်စေသည့် အပြောအဆို အပြုအမူ အသွင်အပြင်များ ပြုမူဆောင်ရွက်ခြင်း မပြုရန်၊
၃။ ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားမပြုရန်၊
၄။ ငြိမ်းချမ်းစွာ ပညာသင်ကြားရေးကို ထိခိုက်ပျက်ပြားစေရန် သွေးထိုးလှုံ့ဆော် ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း မပြုရန်၊
၅။ လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ အခန်း (၁၃) ပါ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရန်၊
၆။ လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ အခန်း (၁၄) ပါတရားမဲ့ပြုကျင့်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရန်။

> ရွေးကောက်ခံရသူ လွှတ်တော်ကိုယ်စားလှယ်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး ကဏ္ဍများတွင် ပါဝင် ဆောင်ရွက်ခွင့်ရှိလာနိုင် . . .
>
> မဲဆန္ဒရှင် ပြည်သူအားလုံး ကိုယ်စားပြုသူတစ်ဦး အနေဖြင့် ပြည်သူလူထုနှင့် နိုင်ငံတော်ကောင်းကျိုး ကို အစွမ်းကုန် သယ်ပိုး . . .

### မြင့်မြတ်သောပြိုင်ပွဲ

ရွေးကောက်ပွဲတစ်ခုတွင် မဲဆန္ဒနယ်တစ်နယ်၌ ပါဝင်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီသည် ပြိုင်ပွဲတစ်ခုတွင် ပါဝင်ယှဉ်ပြိုင်ရပေတော့မည်။ ဤပြိုင်ပွဲသည် သာမန် ရိုးရိုးပြိုင်ပွဲမျိုးမဟုတ်၊ ပြည်သူ့ဆန္ဒကို အဆုံးအဖြတ်ခံယူရမည်။ မြင့်မြတ်သော ပြိုင်ပွဲတစ်ခုပင်ဖြစ်သည်။ မဲဆန္ဒရှင် ပြည်သူအများ၏ ဆန္ဒမဲကို အများဆုံးရရှိအောင် ကြိုးစားကြရမည်။ မိမိနှင့် ယှဉ်ပြိုင်သူ ကိုယ်စားလှယ်လောင်းသည် အနည်းဆုံး နှစ်ဦးမှ အများဆုံး ၁၀ ဦး၊ ၁၅ ဦး၊ ဦး ၂၀ စသည်ဖြင့် ဖြစ်နိုင်သည်။ ပြိုင်ပွဲ၏ရလဒ်မှာ ရွေးကောက်ခံရခြင်းနှင့် ရွေးကောက်မခံရခြင်းသာရှိမည်။ ပါဝင်ယှဉ်ပြိုင်သူတစ်ဦးချင်းစီသည် ပြည်သူကိုကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရလိုသူများသာ ဖြစ်ကြသည်။

### တရားသဖြင့် အနိုင်ယူခြင်းဖြစ်ပါစေ

ရွေးကောက်ပွဲတစ်ခုတွင် ပါဝင်ယှဉ်ပြိုင်ကြရာ၌ မိမိအနိုင်ရရှိရေးအတွက် ဥပဒေနှင့်အညီ သတ်မှတ်ပြဋ္ဌာန်းထားသည့် မူဘောင်အတွင်းမှ နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားကြရသည်။ မဲဆန္ဒရှင်များအား ဟောကြ၊ ပြောကြ၊ စည်းရုံးကြရသည်။ မိမိ၏ သဘောထား၊ ယုံကြည်ချက်၊ ခံယူချက်များ၊ မဲဆန္ဒရှင်ပြည်သူများအပေါ် မိမိတို့ထားရှိသည့် စေတနာ၊ မေတ္တာများကို ထုတ်ဖော်ကြရသည်။ ပါတီကိုယ်စားပြုဖြစ်လျှင် မိမိပါတီ၏ မူဝါဒ သဘောထား လမ်းစဉ်တို့ကို ရှင်းပြကြရသည်။ ဤသို့ စည်းရုံးဟောပြောကြရာတွင် တရားသောနည်းလမ်းများဖြင့် တရားသောလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းကြသူများရှိသကဲ့သို့ လုပ်နည်းလုပ်ဟန်လွဲမှားမှုများ၊ ဥပဒေပြဋ္ဌာန်းချက်များနှင့်မညီမှုများ၊ မမှန်မကန် လုပ်ဆောင်ချက်များလည်း ရှိနိုင်ပါသည်။ ရှိတတ်သည်။ တရားသောနည်းလမ်းများဖြင့်သာ တရားသော လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းကာ စစ်မှန်သည့် ပြည်သူ့ကိုယ်စားလှယ်အဖြစ်ဂုဏ်ယူနိုင်ကြပါမည်။

### ဒီမိုကရေစီ၏ အရသာ

ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရာ၌ မဲဆန္ဒရှင်များ၏ ဆန္ဒမဲပေးမှုရလဒ်အရ အများဆုံး ဆန္ဒမဲရရှိသူသည် နိုင်သူဖြစ်သည်။ ရွေးကောက်ခံရသူဖြစ်သည်။ ဆန္ဒမဲတစ်မဲတည်းနှင့် အသာရ၍ အနိုင်ရသူ ရွေးကောက်ခံရသူများလည်းရှိတတ်သည်။ မည်သို့ပင်ဖြစ်စေ ရွေးကောက်ခံရ၍ အနိုင်ရရှိသွားသူသည် ယင်းမဲဆန္ဒနယ်ရှိ ပြည်သူအားလုံး၏ ကိုယ်စားလှယ်ဖြစ်သွားသည်။

အရွေးမခံရသူ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် အနိုင်ရရှိသွားသူ ကိုယ်စားလှယ်ကို ချီးကျူးနိုင်ရမည်။ ဂုဏ်ပြုနိုင်ရမည်။ မိမိရှုံးနိမ့်ခြင်းကို ကျေနပ်စွာဖြင့် လက်ခံနိုင်ကြရမည်။ ရှုံးသွားသော်လည်း အပြုံးမပျက်ရပါ။ ဒီမိုကရေစီစနစ်သည် အမြဲတမ်းအနိုင်ရသူဟူ၍မရှိ။ ဘာ့ကြောင့် ရှုံးနိမ့်သွားရသနည်း။ လေ့လာဆန်းစစ်၊ ဝေဖန်သုံးသပ်ကြရမည်။ နောင်ရွေးကောက်ပွဲများတွင် အနိုင်ရရှိအောင် မည်သို့ကြိုးစားသွားမည်ကို နည်းလမ်းကောင်းများ ရှာဖွေဖော်ထုတ်နိုင်ရမည်။ ပြည်သူများ၏ ကောင်းကျိုးကို အစဉ်ဆောင်ရွက် နေရမည်။ မိမိအရွေးမခံရသဖြင့် ပြည်သူများနှင့် ကင်းကွာ၍မရ။ ရွေးကောက်ခံရသူ လွှတ်တော်ကိုယ်စားလှယ်နှင့် ပူးပေါင်း၍ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုး ပါဝင်ဆောင်ရွက်နိုင်ရမည်။

ရွေးကောက်ခံရသူ လွှတ်တော်ကိုယ်စားလှယ်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိလာနိုင်သည်။ မိမိသည် မိမိအား ဆန္ဒမဲပေးလိုက်သည့်သူများ၏ ကိုယ်စားလှယ်သာဖြစ်သည်ဟု မမှတ်ယူသင့်။ မဲဆန္ဒနယ် တစ်နယ်လုံး၏ ကိုယ်စားပြုသူဟူ၍ မှတ်ယူကြရသည်။ မိမိအား ဆန္ဒမဲပေးခဲ့သူ၊ မပေးခဲ့သူဟူ၍ ကျောသားရင်သား မခွဲခြားကြအံ့။ မဲဆန္ဒရှင်ပြည်သူအားလုံး၏ ကိုယ်စားပြုသူတစ်ဦးအနေဖြင့် ပြည်သူလူထုနှင့် နိုင်ငံတော်ကောင်းကျိုးကို အစွမ်းကုန် သယ်ပိုးဆောင်ရွက်ကြရမည်။

မဲဆန္ဒရှင်ပြည်သူများကလည်း ရွေးကောက်ပွဲတွင် မိမိကြိုက်နှစ်သက်သူကို လွတ်လပ်စွာ ဆန္ဒမဲပေးခွင့်ရှိသည်။ ပေးကြရမည်။ ဆန္ဒမဲပေးပြီးနောက်ပိုင်း မဲရလဒ်အရ အများဆုံး အနိုင်ရရှိသူကို ဝမ်းပန်းတသာ ကြိုဆိုဂုဏ်ပြုတတ်ကြရမည်။ မိမိဆန္ဒမဲပေးလိုက်သူ အနိုင်မရရှိစေကာမူ အနိုင်ရရှိသွားသူအား အများက ရွေးချယ်လိုက်သော မိမိတို့မဲဆန္ဒနယ်၏ လွှတ်တော်ကိုယ်စားလှယ် ဖြစ်သည်ဟူ၍ အသိအမှတ်ပြု လက်ခံနိုင်တတ်ကြရမည်။

ဤသို့ အများစု၏ဆန္ဒကို အနည်းစုက လေးစားခြင်း၊ လိုက်နာခြင်း၊ အနည်းစု၏ဆန္ဒကို အများစုက အလေးထားခြင်း၊ သတိမူတတ်ခြင်းတို့သည် ဒီမိုကရေစီစနစ်၏ သဘောလက္ခဏာ၊ ဒီမိုကရေစီ၏ အနှစ်သာရ၊ ဒီမိုကရေစီ၏ အရသာပင်ဖြစ်ပေတော့သည်။

### လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲများရှိနေမည်။ နိုင်ငံရေးပါတီများရှိနေမည်။ ပြည်သူတို့က မိမိကြိုက်နှစ်သက်သူကို ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ကြရသည်။ ဒီမိုကရေစီ၏ အရသာ အစစ်မှန်ကို ခံယူနိုင်ကြစေဖို့ ရွေးကောက်ပွဲများကို ကြီးကြပ်၍ ကျင်းပပေးသည့် ရွေးကောက်ပွဲကော်မရှင်နှင့် အဆင့်ဆင့်သော ရွေးကောက်ပွဲကျင်းပရေးကော်မရှင် အဖွဲ့ခွဲများက ဥပဒေနှင့်အညီ သမာသမတ်ကျစွာ၊ တရားမျှတမှန်ကန်စွာ ကျင်းပပေးဖို့လိုအပ်သည်။ ပါဝင်ယှဉ်ပြိုင်သူ လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးကလည်း သတ်မှတ်ချက်များနှင့်အညီ တရားသဖြင့် ပါဝင်ယှဉ်ပြိုင်ကြရန်လိုအပ်သည်။

မဲဆန္ဒရှင်ပြည်သူများသည်လည်း လွတ်လပ်စွာနှင့် လျှို့ဝှက်စွာ မိမိကြိုက်နှစ်သက်သူကို ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်နိုင်သည့် အခွင့်အရေးများ ရရှိကြရန်လိုအပ်သည်။ မဲဆန္ဒရှင်များ၏ ဆန္ဒပေးမှုရလဒ် အစစ်အမှန်ကို ဖော်ထုတ်ကြေညာပေးဖို့ လိုအပ်သည်။ ပွင့်လင်းမြင်သာမှု ရှိစေရမည်၊ ဆောင်ရွက်မှုအဆင့်ဆင့်တိုင်းအပေါ် ပြည်သူအများ ယုံကြည်လက်ခံနိုင်မှုရှိစေရမည်။ သို့မှသာ ဒီမိုကရေစီ၏အရသာကို တွေ့နိုင်၊ မြင်နိုင်၊ ခံစားသွားနိုင်ကြပေလိမ့်မည်ဟု ယုံကြည်မိကြောင်းပါ။

**လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ဖြစ်ထွန်းပေါ်ပေါက်နိုင်ပါစေ၊**
**ဥပဒေနှင့်အညီ တရားသဖြင့် မှန်မှန်ကန်ကန် ပါဝင်ယှဉ်ပြိုင်နိုင်ကြပါစေ၊**
**အများ၏ ဆန္ဒသဘောထားကို အနည်းစုက လေးစားလိုက်နာပြီး အနည်းစု၏ ဆန္ဒ သဘောထားကိုလည်း အများစုက အလေးထား သတိပြုနိုင်ကြပါစေ၊**
**ဒီမိုကရေစီ၏ အရသာတူတူညီညီ မျှဝေခံစားနိုင်ကြပါစေ။**

# ကန်သာယာကန်ကြီးအား အဆင့်မြှင့်တင်မှုများ လုပ်ဆောင်



**မုံရွာ ဇူလိုင် ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကန်သာယာကန်ကြီးအား ပြည်သူများ အပန်းဖြေနိုင်ရန်အတွက် အဆင့်မြှင့်တင်မှုများ လုပ်ဆောင်လျက်ရှိကြောင်း တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က ပြောကြားသည်။

ယခုအခါ ကန်အတွင်းမှ ဗေဒါပင်များနှင့် ဒိုက်ဖတ်များဆယ်ယူခြင်းလုပ်ငန်းနှင့် ကန်ပတ်လမ်းတိုးချဲ့ခြင်း လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပြီး ၎င်းလုပ်ငန်းများပြီးစီးပါက ကျွန်းများ သာယာလှပရေးအတွက် ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"အဓိက လူငယ်တွေ၊ ကလေးတွေအတွက်ပါ၊ ကန်သာယာပတ်လမ်း တိုးချဲ့တာက ကန်ပတ်လမ်းက ကျဉ်းတဲ့အတွက် ကန်သာယာကြီးကိုပြည်သူတွေ အပန်းဖြေတာပဲဖြစ်ဖြစ်၊ ကျန်းမာရေးအတွက် လာရောက်လေ့ကျင့်တာ ဖြစ်ဖြစ် လုပ်နိုင်မယ်၊ နောက်ပြီး သာယာလှပဖို့အတွက် ကန်ထဲမှာရှိနေတဲ့ ဒိုက်တွေ၊ ဗေဒါပင်တွေ ဆယ်ယူတယ်၊ ကန်ထဲမှာ ကျောက်တိုင်ကျွန်းရယ်၊ ရွှေလိမ္မော်ကျွန်းတို့ကို ပြန်လည်ပြုပြင်မယ်၊ နောက်ပိုင်းမှာ ကန်သာယာထဲမှာ လှေပြိုင်ပွဲလေးတွေ ကျင်းပမယ်၊ ကန်ပတ်လမ်းတိုးချဲ့ပြီးရင် လမ်းတစ်လျှောက်မှာ ကန်ထဲက ရှုခင်းတွေကို ကြည့်ရှုလေ့လာနိုင်ဖို့ နားနေလို့ရမယ့် ခုံတန်းလေးတွေ လုပ်ထားပေးမယ်၊ အပြေးလေ့ကျင့်တာပဲဖြစ်ဖြစ်၊ အကြောလျှော့လေ့ကျင့်ခန်း လုပ်တာပဲဖြစ်ဖြစ် လုပ်နိုင်ဖို့ လျှောက်လမ်းတွေ၊ အထဲကို မလာဘဲအပြင်ကနေ ကန်အတွင်းကို ကြည့်ရှုအပန်း ဖြေချင်တဲ့ ပြည်သူတွေလည်း ရှိမှာပါ၊ အဲဒီအတွက် လုပ်ဆောင်ပေးသွားဖို့ ရည်ရွယ်ထားပါတယ်" ဟု တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က ပြောသည်။

ကန်သာယာကန်အား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် လုပ်ဆောင်လျက်ရှိသော မုံရွာမြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းများတွင် တစ်ခုပါဝင်ခြင်းဖြစ်ရာ ယခုလက်ရှိ အခြေအနေထက် ပိုမိုကောင်းမွန်ပြီး မြို့သူ မြို့သားများ လာရောက် အပန်းဖြေနိုင်သည့် နေရာတစ်ခုဖြစ်ရန် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ လုပ်ဆောင်ရခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**

## တိုတိုထွာထွာဖတ်စရာ

### ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်း

**စစ်ကိုင်း**
စစ်ကိုင်းမြို့နယ် ညောင်ကုန်းကျေးရွာ ညောင်ကုန်း (ခ) လယ်၊ (ခ)တောင် ခြံကြီးရပ်ကွက်လမ်းပိုင်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်းခြင်းကို ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

လမ်း၏ အရှည်မှာ ပေ ၂၇၀၀၊ ပျမ်းမျှအထု ခုနစ်လက်မဖြစ်ပြီး အများပြည်သူတို့အတွက် သွားလာရာ၌ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **၅၃၁**

### သောက်သုံးရေဖူလုံရေး မြေသားရေလှောင်ကန်ဖွင့်

**ဆီဆိုင်**
ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် မီးရယ်ကျေးရွာအတွက် သောက်သုံးရေဖူလုံရေး မြေသားရေလှောင်ကန်ပြုပြင်တူးဖော်ရေးလုပ်ငန်းဖွင့်ပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ဆီဆိုင်မြို့နယ် လူထုဗဟိုပြုစီမံကိန်းတာဝန်ခံ ဦးခွန်ဇော်မျိုးထွန်းက စီမံကိန်းလုပ်ငန်းအကြောင်းကိုလည်းကောင်း၊ မြို့နယ်နည်းပညာအကြံပေး အဖွဲ့ခေါင်းဆောင် ဦးမျိုးသန်းက သောက်သုံးရေဖူလုံပြီဖြစ်သည့်အတွက် သန့်ရှင်းသောသောက်သုံးရေသုံးစွဲရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးများ အိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးများ တိုးတက်ကောင်းမွန်လာရန်ပြောကြားခဲ့ကြောင်း သိရသည်။ **ခွန်ရဲထွေး(ဆီဆိုင်)**

### လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုစခန်းဖွင့်

**ကန်ကြီးထောင့်**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်ကန်ကြီးထောင့်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုစခန်းဖွင့်ပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီက မြို့နယ်သမဝါယမဦးစီးဌာနရုံးရှေ့၌ ကျင်းပသည်။

သမဝါယမအသင်းသားများ၏ လယ်ယာမြေများတွင် စိုက်ပျိုးသီးနှံများ စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်များတွင် ဝန်ဆောင်မှုစခန်းမှ လယ်ယာသုံးစက်ပစ္စည်းများဖြင့် ငှားရမ်းခသက်သာပြီး လွယ်ကူအဆင်ပြေစွာ စိုက်ပျိုးရိတ်သိမ်းနိုင်ရန်နှင့် လယ်ယာလုပ်သား ရှားပါးလာမှုကိုတစ်ဖက်တစ်လမ်းမှ ကူညီပေးနိုင်ရန်အတွက် ဝန်ဆောင်မှုစခန်း ဖွင့်လှစ်ခြင်းဖြစ်ကြောင်း မြို့နယ်သမဝါယမအသင်းစု ဒုဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

# သစ်တောများနှင့် ကာဗွန်ထုတ်လွှတ်မှုများအကြောင်း သတင်းဖော်ပြခြင်း သင်တန်းဖွင့်

**ညောင်ရွှေ ဇူလိုင် ၁၉**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် UN-REDD Programme တို့ ပူးပေါင်းဖွင့်လှစ်သည့် သစ်တောများနှင့် ကာဗွန်ထုတ်လွှတ်မှုများအကြောင်း သတင်းဖော်ပြခြင်းဆိုင်ရာ သင်တန်းကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် ညောင်ရွှေမြို့ အင်းလေးဟူပင်ခေါင်တိုင်ဟိုတယ်၌ ပြုလုပ်သည်။

သင်တန်းသို့ အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးတို့က အဖွင့်အမှာစကားပြောကြားသည်။

သစ်တောသုတေသနဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာသောင်းနိုင်ဦးက "ဒီမှာဖွင့်လှစ်ရတာကတော့ အင်းလေးကန်ကို မှီခိုနေတဲ့ပြည်သူတွေ အများကြီးရှိပါတယ်၊ အင်းလေးကန်ကို ထိန်းသိမ်းပြီး အင်းလေးကန် ဝန်းကျင်မှာ ဘာ့ကြောင့် သစ်တောတွေ ပြုန်းခဲ့သလဲ၊ ဒါတွေကို လေ့လာပြီး သတင်းရေးတဲ့ အတတ်ပညာကို သုံးပြီး ပြည်သူတွေ သိရှိအောင်ရေးမယ်။ အင်းလေးကန်ရဲ့ ရေဝေရေလဲတွေ၊ တောတွေ၊ တောင်တွေ၊ သဘာဝတွေ၊ ယဉ်ကျေးမှုတွေ၊ ဓလေ့စရိုက်တွေ၊ သူတို့ကို မှီခိုပြီး လုပ်နေတဲ့ စီးပွားရေးကဏ္ဍတွေက ဘာတွေရှိမလဲ၊ သူတို့ရဲ့ ပူးပေါင်းမှုတွေ မလိုလာနိုင်ဘူးလား၊ ဒါတွေကို သတင်းမီဒီယာသမားတွေရဲ့ အတတ်ပညာတွေနဲ့ မူဝါဒချမှတ်သူတွေ၊ ပြည်သူတွေနဲ့ နည်းပညာရှင်တွေကြားမှာ ချိတ်ဆက်ပေါင်းစပ်နိုင်အောင် မျှော်လင့်ပြီးတော့ နောက်ပြီး REDD+ နဲ့ ပတ်သက်တဲ့ စကားလုံးအသုံးအနှုန်းတွေကိုသိရှိပြီး ဖော်ပြနိုင်အောင် ရည်ရွယ်ပြီး ဒီသင်တန်းကို ကျင်းပခြင်းဖြစ်ပါတယ်" ဟုပြောသည်။

REDD+ ၏ အခြေခံသဘောသဘာဝသည် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု အမှန်တကယ်လျှော့ချနိုင်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ လျှော့ချနိုင်သည့် ပမာဏအလိုက် Carbon credit အဖြစ်ငွေကြေးတန်ဖိုးသတ်မှတ် ထောက်ပံ့ကူညီမှုပြုလုပ်သည့် လုပ်ငန်းစဉ်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာတွင် UN- REDD Programme အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပြီး ၂၀၁၃ ခုနှစ် ဇွန်လတွင် REDD+ အသင့်ပြင်ဆင်ခြင်းလမ်းပြမြေပုံကို ရေးဆွဲခဲ့ကာ ယခုအခါ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

အခမ်းအနားသို့ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ UN–REDD Programme မှ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာများမှ သင်တန်းသား သင်တန်းသူများတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဇူလိုင် ၁၈ ရက်မှ ၂၆ ရက်ထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။

**သီသီမင်း(ကြေးမုံ)**

# ယင်းမာပင်မြို့နယ် ဇီးတော–လာဘို့ မြောက်ယမားချောင်းကူး ယာယီရွှေဆံပင်မေတ္တာပေါင်းကူးတံတား တည်ဆောက်ပြီးစီး

**ယင်းမာပင် ဇူလိုင် ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် အနောက်ဘက်ခြမ်းရှိ မြောက်ယမားချောင်းသည် နှစ်စဉ်နှစ်တိုင်း မိုးရာသီတွင်ရေကြီးရေလျှံမှုများကြုံတွေ့ခဲ့ရပြီး ခရီးသွားလာသူများ အခက်အခဲကြုံတွေ့ကာ အသက်အန္တရာယ်ပါ ထိခိုက်မှုများဖြစ်သည်။

ယခုအခါ ဇီးတော-လာဘို့ မြောက်ယမားချောင်းကူး ယာယီရွှေဆံပင် မေတ္တာပေါင်းကူးတံတားအား ဆောက်လုပ်ပြီးစီးပြီဖြစ်၍ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းများအပြင် ဒေသထွက်ကုန်ထုတ်သီးနှံများကို ကိုယ်ပိုင်ယာဉ်၊ ကုန်ထုတ်ယာဉ်ငယ်များ၊ မော်တော်ဆိုင်ကယ်များဖြင့် ကျေးလက်နှင့် မြို့ပြအသွားအပြန် သယ်ဆောင်ကာ အခမဲ့ရာသီအလိုက် နေ့၊ ည အချိန်မရွေး သွားလာနိုင်ပြီ ဖြစ်သောကြောင့် ဒေသခံပြည်သူများ အဆင်ပြေ ဝမ်းသာလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးရွာကိုယ့်အားကိုယ်ကိုး ဇီးတော-လာဘို့ မြောက်ယမားချောင်းကူး ယာယီရွှေဆံပင်မေတ္တာပေါင်းကူးတံတားသည် တံတားအရှည် ပေ ၂၆၀၊ တံတားအကျယ် ကိုးပေ၊ တံတားအမြင့် ကိုးပေ သံကူကွန်ကရစ်တိုင် သံပေါင်တင်သစ်သားခင်းထားပြီး ယာဉ်ငယ်များ၊ ဆိုင်ကယ်များ၊ လူများ ဖြတ်သန်းသွားလာနိုင်ပြီ ဖြစ်သည်။

**ထွန်းကိုကို (ယင်းမာပင်)**





# မြိုင်ကြီးငူဒေသရှိ စစ်ဘေးရှောင်များအား ဆန်နှင့်စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**လှိုင်းဘွဲ့ ဇူလိုင် ၁၉**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူဒေသရှိ စစ်ဘေးရှောင်ပြည်သူများအား ပြည်နယ်အစိုးရအဖွဲ့က ဆန်နှင့်စားသောက်ကုန်ပစ္စည်းများကို ယနေ့နံနက်ပိုင်းက သွားရောက်ထောက်ပံ့ပေးခဲ့သည်။

ကရင်ပြည်နယ် အစိုးရအဖွဲ့က စစ်ဘေးရှောင်ပြည်သူများအတွက် ထောက်ပံ့ပေးသော ဆန်အိတ် ၁၇၇၀၊ ဆီ ၇၅ပုံး၊ ကြက်သွန်နီ ပိဿာ ၁၀၅၀၊ အာလူး ပိဿာ ၁၀၅၀၊ အသားတု ပိဿာ ၆၀၀၊ ငရုတ်သီး တောင့် ပိဿာ ၁၈၀၊ ပဲ ၇၅ အိတ်၊ အချိုမှုန့် ထုပ် ၃၃၀၊ ဆားအထုပ်ကြီး ကိုးအိတ်တို့ကို လှိုင်းဘွဲ့မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိန်းက သွားရောက်၍ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကလေးငယ်များအား မုန့်များဝေငှ ကျွေးမွေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား နိုင်ငံအနှံ့ကျင်းပ

**တာချီလိတ်**

(၇၁) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီ ခွဲက တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ ရှမ်းရိုးမကွင်းတွင် ကျင်းပသည်။

အလားတူ နံနက် ၆ နာရီက (၇၁) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ မြို့နယ်ခမ္မာရုံ၌ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့တို့ ပူးပေါင်းကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**ကော့သောင်း**

(၇၁) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက်လမ်းဆုံ ဗိုလ်ချုပ်မြင်းစီးရုပ်ရှေ့တွင် ဇူလိုင် ၁၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အာဇာနည်နေ့အခမ်းအနားတွင် လွတ်လပ်ရေးအတွက်တိုက်ပွဲဝင်ရင်း ကျဆုံးခဲ့ကြရသော အာဇာနည်ခေါင်းဆောင်ကြီးများအား အောက်မေ့လွမ်းဆွတ်ဖွယ် အမှတ်တရဖြစ်ကြစေရန် ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းအား ဗီနိုင်းပိုစတာကြီးများဖြင့် ရိုက်နှိပ်ခင်းကျင်းပြသပေးခဲ့ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အာဇာနည်နေ့အမှတ်တရ စာစောင်များကို တက်ရောက်လာသူများသို့ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

**လွိုင်လင်**

(၇၁) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ သံဃာတော်များအား ဆွမ်းဆက်ကပ်ခြင်း၊ လှူဖွယ်ပစ္စည်းလှူဒါန်းခြင်း၊ အမျှအတန်းပေးဝေခြင်းနှင့် နိုင်ငံတော်အလံအလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ ဝမ်းနည်းခြင်းအထိမ်းအမှတ် ဥသြဆွဲခြင်း၊ လွမ်းသူ့ပန်းခွေချခြင်းများကို ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့၌ နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။ **မိုးလွင်ဦး(လွိုင်လင်)**

**မယ်စဲ့**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့၌ အာဇာနည်နေ့အခမ်းအနားကို မြို့နယ်ခန်းမရှေ့၌ ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နှစ်မိနစ်ခန့်ငြိမ်သက်ခြင်းနှင့် တက်ရောက်လာကြသူများက လွမ်းသူ့ပန်းခွေချ ဂါရဝပြုကြသည်။ ဆက်လက်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် မေတ္တာပို့အမျှဝေခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**မြောင်းမြ**

(၇၁) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မြကန်သာပန်းခြံရှိ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ရှေ့ ဗိုလ်ချုပ်ရင်ပြင်၌ ကျင်းပသည်။

ထို့နောက် မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိနှင့် မှတ်တမ်းဓာတ်ပုံများကို ပြည်သူများ စိတ်ဝင်စားစွာ လေ့လာခဲ့ကြကြောင်း သိရသည်။ **အောင်မင်း (မြောင်းမြ)**

**ညောင်တုန်း**

ညောင်တုန်းမြို့ အာဇာနည်ပန်းခြံ၌ ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက (၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့အစည်းများ၊ ပုဂ္ဂလိကဘဏ်များ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများ အသီးသီးမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် အများပြည်သူ ၁၅၀၀ ခန့်က လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများချခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ထွန်းကျော်(ညောင်တုန်း)**

**ပွင့်ဖြူ**

(၇၁) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ဇူလိုင် ၁၉ ရက် နံနက် ၉ နာရီက အာဇာနည်ကျောက်တိုင်ကွင်း၌ပြုလုပ်ရာ ပွင့်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းရွှေနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။ **မြို့နယ်(ပြန်/ဆက်)**



**မော်လမြိုင်**

မွန်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ (၇၁) နှစ်မြောက် အာဇာနည်နေ့တွင် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၅ နာရီခွဲက မော်လမြိုင်မြို့ သာသနာ့ဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော် မော်လမြိုင်မြို့ နတ်မော်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တသုမန အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြသည်။

နိုင်ငံတော် ဩဝါဒါစရိယဆရာတော် မော်လမြိုင်မြို့ နတ်မော်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တသုမနထံမှ ငြိမ်းပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ဆရာတော်ကြီးများထံ သက်နှင်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ဇနီးဒေါ်ခင်အေးမူ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီး၊ ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ခရိုင်(ပြန်/ဆက်)**

**မြစ်ကြီးနား**

ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ (၇၁) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီခွဲက မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက် ဆွမ်ပရာဘွမ်လမ်းနှင့် ပြည်ထောင်စုလမ်းမကြီးထောင့်ရှိ နှစ် (၁၀၀) ပြည့် ဗိုလ်ချုပ်ကြေးရုပ်ဝင်းအတွင်း ပြုလုပ်ရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် တာဝန်ရှိသူများက အာဇာနည်ခေါင်းဆောင် ကိုးဦးအား လွမ်းသူ့ပန်းခွေချ အလေးပြုခဲ့ကြသည်။



ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများမှ ဖိတ်ကြားထားသူများ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့မှ ကိုယ်စားလှယ်များ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ တိုင်းရင်းသားမျိုးနွယ်စုဝင်များမှ တာဝန်ရှိသူများ၊ ကြက်ခြေနီ၊ သူနာပြုတပ်ဖွဲ့ဝင်များ၊ မြစ်ကြီးနားပညာရေးကောလိပ်နှင့် သူနာပြုသားဖွားသင်တန်းကျောင်းတို့မှ သင်တန်းသား သင်တန်းသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက လွမ်းသူ့ပန်းခွေချ အလေးပြုခဲ့ကြသည်။

ဆက်လက်၍ နံနက် ၁၁ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ဆရာတော်ကြီးများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**



**ပဲခူး**

ပဲခူးမြို့ ဗိုလ်ချုပ်ကြေးရုပ်၌ ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီခွဲက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ (၇၁) နှစ်မြောက် အာဇာနည်နေ့ လွမ်းသူ့ပန်းခွေချခြင်း၊ အလေးပြုခြင်းနှင့် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းအခမ်းအနား ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေနှင့် ဥပဒေချုပ် ဦးအုန်းမြင့်၊ စာရင်းစစ်ချုပ် ဒေါ်သန်းဝင်း၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် တိုင်းရင်းသားပြည်သူများသည် လွမ်းသူ့ပန်းခွေချကြပြီး အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား ဦးညွှတ်အလေးပြုခဲ့ကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများနှင့် ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကြောင်း သိရသည်။

ထို့နောက် ဗုဒ္ဓအသံ ဓမ္မဗိမာန်တော်ကြီး၌ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူးရည်မှန်းပြီး ဆရာတော်ကြီးကိုးပါးအား ပင့်ဖိတ်ကာ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းပြီး ရေစက်သွန်းချ အမျှအတန်းပေးဝေခဲ့ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

**ချမ်းမြသာစည်**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (၇၁) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အဆင့်မြင့်အားကစားကွင်းတွင် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ နိုင်ငံတော်အလံအား တိုင်ဝက်သို့ လျှော့ချခြင်း၊ နှစ်မိနစ်ငြိမ်သက်မေတ္တာပို့အမျှဝေခြင်း၊ လွမ်းသူ့ပန်းခွေချခြင်းများကို အစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကျော်စွာလင်းနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မန္တလာသီရိ အဆင့်မြင့် အားကစားကွင်းအတွင်း ခင်းကျင်းပြသထားသော အာဇာနည်နေ့အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ

### မေ့ကျန်ပိုက်ဆံအိတ် ပိုင်ရှင်ထံပြန်လည်အပ်နှံ

**ရန်ကုန်**
မင်္ဂလာတောင်ညွန့်မြို့နယ် ယာယီမင်္ဂလာဈေးတွင် ဇူလိုင် ၁၆ ရက် ညနေ ၅ နာရီကျော်ခန့်တွင် မင်္ဂလာဈေးလုံခြုံရေးဝန်ထမ်း ဦးအောင်မျိုးထွန်းနှင့် ဦးကျော်တို့သည် ဈေးပိတ်ချိန် သော့များလိုက်လံစစ်ဆေးစဉ် ငွေကျပ် ၃၄၈၀၀၀၀ ပါသောအိတ်တစ်အိတ်ကိုတွေ့ရှိသဖြင့် ဈေးတာဝန်ခံသို့အပ်နှံရာ ဒုတိယဈေးတာဝန်ခံ ဦးကြည်ဝင်းနှင့် ဈေးညတာဝန်ခံ ဦးသန့်ဇင်တို့က ပိုင်ရှင်ဖြစ်သူ ထူးမြန်အောင်အထည်ဆိုင်မှ ဒေါ်သူဇာအား ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။ **၁၁၈**

### မီးဘေးအန္တရာယ် အသိပညာပေး ဟောပြော

**စလင်း**
မကွေးတိုင်းဒေသကြီး စလင်းမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမတွင် ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက မီးသတ်ဌာနဦးစီးမှူး ဦးဌေးမော်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြောပြီး ဆေးဘူးအသုံးပြုငြိမ်းသတ်ခြင်း၊ အဝတ်၊ ပုဆိုး၊ စောင်၊ ခန်းစည်းများကိုအသုံးပြုကာ မီးငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြ ငြိမ်းသတ်ကြသည်။ **စစ်ကြည်(စလင်း)**

### ကိုယ့်အားကိုယ်ကိုး လမ်းသစ်ဖွင့်

**ကျောက်မဲ**
ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ် (၁) ရပ်ကွက် နယ်မြေ (၇) ရှိ မြတ်လေးလမ်း ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၈ ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။ အဆိုပါ ကိုယ့်အားကိုယ်ကိုးလမ်းသည် အရှည်ပေ ၉၆၀၊ အကျယ် ၁၂ ပေရှိကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

### မှူခင်းအသိပညာပေးဆောင်ရွက်

**ကော့မှူး**
ကော့မှူးမြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူးသက်လွင်နှင့် တပ်ဖွဲ့ဝင်များက မှုခင်းပညာပေးပြခန်းယာဉ်ပါ ရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီတွင် ကော့မှူးမြို့နယ် ပတုတ်ကျေးရွာ အမက ကျောင်းရှေ့တွင် ဆရာ ဆရာမ ကိုးဦးနှင့် ကျောင်းသား ကျောင်းသူ ၂၀၀ တို့အား မှုခင်းအသိပညာပေးခြင်းများ ရှင်းလင်းခြင်းနှင့် မေးမြန်းမှုများကို ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **ကိုရဲ**




# လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၁၊ ၁၂၊ ၁၃)ရက်၊ ( စနေ၊ တနင်္ဂနွေ၊ တနင်္လာ )
နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ မန္တလေးတက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

## မန္တလေး–ရွှေဘို RBE ရထား ခင်ဦးဘူတာထိ ခရီးစဉ်တိုးချဲ့ပြေးဆွဲမည်

**ခင်ဦး ဇူလိုင် ၁၉**
မြန်မာ့မီးရထား ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာ့မီးရထားတိုင်း(၂) နယ်မြေအတွင်းရှိ မန္တလေး-ရွှေဘိုပြေးဆွဲနေသော ခရီးတို RBE ရထားကို ခင်ဦးဘူတာထိ ခရီးစဉ်တိုးချဲ့ ပြေးဆွဲပေးမည်ဖြစ်ကြောင်း ခင်ဦးဘူတာရုံပိုင်ကြီးထံမှ သိရသည်။

အဆိုပါ မန္တလေး-ရွှေဘိုပြေးဆွဲနေသော ခရီးတိုRBE ရထားကို ခင်ဦးဘူတာထိ ခရီးစဉ်တိုးချဲ့ ပြေးဆွဲပေးမှုကို ဇူလိုင် ၂၁ ရက်တွင် စတင်မည်ဖြစ်သည်။ ခရီးစဉ်အနေဖြင့် ခင်ဦးဘူတာမှ နံနက် ၅နာရီခွဲတွင် စတင်ထွက်ခွာကာ မန္တလေးသို့ နံနက် ၁၀ နာရီခွဲ ဆိုက်ရောက်ပြီး မန္တလေးမှ မွန်းလွဲ ၁ နာရီခွဲတွင် စတင်ထွက်ခွာ၍ ခင်ဦးသို့ ညနေ ၆ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ လမ်းခရီးရှိ ဘူတာအားလုံး၌ ရပ်နားပေးမည်ဖြစ်ကြောင်း၊ ခင်ဦး-မန္တလေး ခရီးစဉ်တွင် ရထားလက်မှတ်ခမှာ လူတစ်ဦးလျှင် ငွေကျပ် ၁၂၀၀ ဖြစ်ကြောင်း သိရသည်။

"ယခုပြေးဆွဲမယ့် ခရီးတို RBE ရထားဟာ ကားရထားမဟုတ်ပါဘူး။ ရထားစက်ခေါင်းကြီးနဲ့ ပြေးဆွဲမှာမို့ ကားရထားထက် လျင်မြန်တဲ့အတွက် သက်သောင့်သက်သာနဲ့ စီးရမှာ ဖြစ်ပါတယ်" ဟု ခင်ဦးဘူတာရုံပိုင်ကြီးက ပြောသည်။ **ရောင်နီတင်ဝင်း**



နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ငွေစုငွေချေး သမဝါယမအသင်း၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအား ဂုဏ်ပြုပွဲကို ဇူလိုင် ၁၅ ရက်တွင် ဘောဂသိဒ္ဓိရပ်ကွက် ဓမ္မာရုံ၌ ကျင်းပရာ သဘာပတိအသင်းဥက္ကဋ္ဌ ဦးသန်းဆိုင်က ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ကြသော အသင်းသားများ၏ သားသမီးလေးဦး (သုံးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ ရိုးရိုးအောင်မြင်သူသုံးဦး)တို့အား ဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်စဉ်။ **ကိုကိုစိုးညွန့်**

## ဘားအံတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သံပန်း၊ ဝရိန် သင်တန်းဆင်း

**ဘားအံ ဇူလိုင် ၁၉**
ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏စီစဉ်မှုဖြင့် သံပန်း၊ ဝရိန် သင်တန်းဆင်းပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား လုပ်ငန်းသုံးပစ္စည်းများကို ဆုအဖြစ် ပေးအပ်ချီးမြှင့်ပေးခဲ့သည်။

အဆိုပါသင်တန်းတွင် ဘားအံမြို့နယ် ကျေးရွာရှစ်ရွာမှ သင်တန်းသား ၂၁ ဦးတို့သည် ဇွန် ၆ ရက်မှ ဇူလိုင် ၁၈ ရက်ထိ အခြေခံ သံပန်း၊ ဝရိန် လုပ်ငန်းလုပ်ကိုင်နိုင်သည်အထိ သင်ခန်းစာများကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကိုကာကိုလာဘူးတွေပေါ်မှာ တွေ့မြင်ရတော့မယ့် BTS

တောင်ကိုရီးယား ကမ္ဘာကျော်အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS" ဟာ ကိုကာကိုလာ အချိုရည်ရဲ့ အမှတ်တံဆိပ်ကိုယ်စားလှယ်တွေဖြစ်တာနဲ့အညီ မကြာမီမှာ ထွက်ရှိလာတော့မယ့် ကိုကာကိုလာ ဘူးသစ်တွေရဲ့ မျက်နှာပြင်ပေါ်မှာ အဖွဲ့ဝင်တွေရဲ့ ဓာတ်ပုံတွေ ထည့်သွင်းဖော်ပြသွားမှာဖြစ်ပါတယ်။ အဖွဲ့ရဲ့ ပရိသတ်တွေဖြစ်ကြတဲ့ "ARMYs" တွေအတွက် ဝမ်းသာစရာ သတင်းစကားတစ်ခုဖြစ်ပြီး "BTS" အဖွဲ့ဝင်တွေရဲ့ ရုပ်ပုံပါဝင်တဲ့ ကိုကာကိုလာဘူးတွေကိုတော့ အရေအတွက် အကန့်အသတ်နဲ့ ထုတ်လုပ်သွားမှာဖြစ်တယ်လို့ အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီလို အဖွဲ့ဝင်တွေရဲ့ ရုပ်ပုံပါဝင်တဲ့ ကိုကာကိုလာဘူးတွေကို အရေအတွက်အကန့်အသတ်နဲ့ ထုတ်လုပ်ထားတဲ့အပြင် တောင်ကိုရီးယားနိုင်ငံအတွင်းရှိ စူပါမားကတ်တွေနဲ့ စတိုးဆိုင်တွေမှာသာ ရောင်းချသွားမှာဖြစ်ပါတယ်။ ဒီဘူးတွေမှာ အဖွဲ့ဝင်တွေဟာ ကိုကာကိုလာဖန်ပုလင်းကိုကိုင်ထားတဲ့ ဓာတ်ပုံအပြင် ယင်းပုံရဲ့ နောက်ခံအဖြစ်အဖွဲ့ဝင်တွေရဲ့အမည်ကို ရေးသားဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။ "BTS" မှာအဖွဲ့ဝင် ခုနစ်ဦး ပါဝင်တာဖြစ်ပြီး ဘူးတစ်ဘူးစီမှာတော့ အဖွဲ့ဝင်တစ်ဦးစီရဲ့ ပုံတစ်ပုံသာ ပါဝင်နေတာကိုလည်း တွေ့ရပါတယ်။ ဒီလို အရောင်းမြှင့်တင်ရေးအတွက် ထုတ်လုပ်ထားတဲ့ ကိုကာကိုလာဘူးတွေကိုတော့ ဒီလကုန်ပိုင်းမှာ ဈေးကွက်အတွင်း စတင်ဖြန့်ချိသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒါ့အပြင် တောင်ကိုရီးယားအပြင် စင်ကာပူနိုင်ငံမှာရှိတဲ့ တောင်ကိုရီးယားစတိုးဆိုင်တွေမှာလည်း အရောင်းမြှင့်တင်ရေးအတွက် ထုတ်လုပ်ထားတဲ့ "BTS" အဖွဲ့ဝင်တွေပါဝင်တဲ့ ကိုကာကိုလာဘူးတွေကို ရောင်းချသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ အဖွဲ့ဝင်တွေရဲ့ ဓာတ်ပုံတွေကို ကိုကာကိုလာအမှတ်တံဆိပ်ရဲ့ အခြားသော ထုတ်ကုန်တွေပေါ်မှာထည့်သွင်းဖော်ပြခြင်းမရှိဘဲ သံဘူးတွေပေါ်မှာသာ ဖော်ပြခဲ့တာပါ။ ဒါကြောင့် ကိုကာကိုလာ ဖန်ပုလင်းတွေပေါ်မှာတော့ အဖွဲ့ဝင်တွေရဲ့ ဓာတ်ပုံတွေကို ထည့်သွင်းဖော်ပြခြင်းမရှိဘူးလို့လည်း သိရပါတယ်။ **ခင်ခင်သက်**

## မွေးနေ့ကို အတူဆင်နွှဲခဲ့ကြတဲ့ ပရီယင်ကာချိုပရာနဲ့ နစ်ခ်ဂျိုးနက်စ်

ဟောလိဝုဒ်ရဲ့ နာမည်ကျော်ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသမီး ပရီယင်ကာချိုပရာနဲ့ တေးသံရှင်နဲ့ သရုပ်ဆောင် တစ်ဦးဖြစ်သူ



နစ်ခ်ဂျိုးနက်စ်တို့ကို လတ်တလောမှာတော့ လန်ဒန်ရဲ့ လမ်းတွေပေါ်မှာအတူတွေ့ခဲ့ရပါတယ်။ ဒီလို ချိန်းဆိုတွေ့ဆုံခဲ့ကြရတာကတော့ လတ်တလာမှာကျရောက်ခဲ့တဲ့ ပရီယင်ကာချိုပရာရဲ့ ၃၆ နှစ်ပြည့်မွေးနေ့ကို အတူဆင်နွှဲကြဖို့ဖြစ်ကြောင်း အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင် ၁၈ ရက်မှာတော့ ပရီယင်ကာချိုပရာဟာ အသက် ၃၆နှစ်ပြည့်ခဲ့ပြီဖြစ်ပါတယ်။ အဲဒီနေ့မှာ ချိုပရာရဲ့ မွေးနေ့ပွဲဆင်နွှဲဖို့ ကြယ်ပွင့်စုံတွဲဟာ ချိန်းဆိုတွေ့ဆုံခဲ့ကြတာဖြစ်ပါတယ်။ ဒီလိုတွေ့ဆုံရာမှာတော့ နှစ်ဦးသား ဆင်တူဝတ်ဆင်ထားတာကိုလည်း တွေ့ရပါတယ်။ ချိုပရာကအဖြူရောင်အင်္ကျီနဲ့ ဂါဝန်ရှည်ကို ဝတ်ဆင်ထားပြီး နစ်ခ်ဂျိုးနက်စ်ကတော့ အဖြူရောင်တီရှပ်နဲ့ အနက်ရောင်ဂျင်းဘောင်းဘီကို ဝတ်ဆင်ခဲ့တာကိုလည်း တွေ့ရပါတယ်။ သူတို့နှစ်ဦးဟာ များပြားလွန်းတဲ့ အနုပညာ လှုပ်ရှားမှုအစီအစဉ်တွေ ရှိနေတဲ့ကြားက ယခုလို ချိုပရာရဲ့မွေးနေ့မှာ အတူပျော်ရွှင်ဖို့ရာ အချိန်ပေးခဲ့တာဖြစ်ပါတယ်။

ဘောလိဝုဒ် ကြယ်ပွင့်တစ်ဦးမှသည် ဟောလိဝုဒ်ရဲ့ အောင်မြင်တဲ့ ကြယ်တစ်ပွင့်ဖြစ်လာခဲ့တဲ့ ပရီယင်ကာချိုပရာနဲ့ နစ်ခ်ဂျိုးနက်စ်တို့ဟာ ချစ်သူတွေအဖြစ် စတင်လက်တွဲခဲ့ချိန်ကတည်းက ပေါ်ပေါ်ထင်ထင် လက်တွဲခဲ့ကြသူတွေပါ။ သူတို့နှစ်ဦးအကြားက ဆက်ဆံရေးကို ကွယ်ဝှက်ထားခြင်းမရှိဘဲ သူတို့ရဲ့ လူမှုကွန်ရက်မီဒီယာတွေပေါ်မှာလည်း တရားဝင်ဖော်ပြခဲ့ကြပါတယ်။ ချစ်သူသက်တမ်း အချိန်တိုအတွင်းမှာပင် နစ်ခ်ဂျိုးနက်စ်က ပရီယင်ကာချိုပရာကို သူ့ဆွေမျိုးတစ်ဦးရဲ့မင်္ဂလာပွဲကို ခေါ်ဆောင်သွားကာ မိသားစုဝင်တွေနဲ့ မိတ်ဆက်ပေးခဲ့ပါတယ်။ အဲဒီနောက် ချိုပရာကလည်း အိန္ဒိယကို သွားရောက်ခဲ့ရာမှာ ချစ်သူနစ်ခ်ဂျိုးနက်စ်ကို တစ်ပါတည်းခေါ်ဆောင်သွားခဲ့တယ်။ ဒီလို နှစ်ဖက်အသိုင်းအဝိုင်းက အသိအမှတ်ပြုထားတဲ့ ကြယ်ပွင့်မောင်နှံရဲ့ မင်္ဂလာသတင်းကြားရမယ့် အချိန်ကိုတော့ ပရိသတ်တွေက မျှော်လင့်နေတာလည်း ဖြစ်ပါတယ်။

**အေးပြည့်**

NELC "Don't Worry, Just Speak!"

Communicative English Classes




OVER 16 YEARS OLD

- Intro
- Level-1,2,3
- Listening/Speaking-1&2
- Grammar
- IELTS Foundation

မြေနီကုန်း - 01 526311, 523680 ဗိုလ်အောင်ကျော် - 01 256516 ~7 မန္တလေး - 09 91023900
ပြင်ဦးလွင် - 09 400306019 နေပြည်တော် - 09 782009390 လားရှိုး - 082 26611 ဘားအံ/ပုသိမ် - 084 52572

ဝင်းရတီမှူး
ရွှေတောင်ပြည်နယ်မှ မန္တလေး၊ ပြင်ဦးလွင်၊ ပုဂံ၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပဒုတ္တမူ ... ၁၅-ရိုင်ဘုရား
ဒီဇင်အရောက်လက်မှတ်ရှိ July 27, Aug 3,10,20
09-250147247, 09-774438366

ဖုန်း Sim Card ဝယ်မည်
ရှဲမင်းထွန်း
50/51 - 2 သိန်း
73/49 - 4 သောင်း
Ph : 09-5050261
09-5014706

ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)
LCCI Level - I&II, III စာရင်းကိုင် သင်တန်းများ ခုံနံပါတ်ယူထားနိုင်သည်။
LCCI (၂၅)နှစ်ကျော်အတွေ့အကြုံကြောင့် သင်ကြားမှုပြီးပြည့်စုံစေသည်။
အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎- 09 -776349905, 403090950, 01-371741, 240824

လပြည့် 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ် ကားမျိုးစုံ ငှားရန်အသင့်ရှိသည် ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

SIS Education Services
နှစ် (၂၀) ကျော်ကြာ သင်ကြားမှုအတွေ့အကြုံဖြင့် ပြည့်စုံသောမှတ်စု၊ ထိရောက်သောသင်ကြားမှု နည်းစနစ်များဖြင့် သင်ကြားသည်။
U Htin Aung Kyaw
B.A(Eng:), Dip-ELTM, M.A (EFL)
တစ်ဦးချင်း၊ ဝိုင်းသီးသန့်
IELTS / English 4 Skills
အမှတ်(၂၁)၊ ၄လွှာ၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။
Ph : 09-421008412

ကားမျိုးစုံ
Alphard, Hiace ၉/၁၃ဝယောက်စီး၊ ၂၄/၂၉/၃၃/၄၅ယောက်စီးများကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များ ကိုယ်တိုင်ချိုသာသောဈေးနှုန်းဖြင့် အငှားလိုက်ပါသည်။
Ph: 09795549249, 095418126
09-795546884

ဖခင်အမည်မှန်
မုံရွာမြို့၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ဒသမတန်း(B)တွင်ပညာသင်ကြားနေသော မနန္ဒာကျော်၏ ဖခင်အမည်မှာ ဦးကျော်မြိုင် [၅/ဒပယ(နိုင်)၀၄၀၆၆၁] ဖြစ်ပါကြောင်း။
ဦးကျော်မြိုင်

ဖခင်အမည်မှန်
မုံရွာမြို့၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ဒသမတန်း(C) တွင်ပညာသင်ကြားနေသော မစုမြတ်နိုးကျော်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်မြင့် [၅/ဒပယ (နိုင်) ၀၇၉၀၄၄] ဖြစ်ပါကြောင်း။
ဦးခင်မောင်မြင့်

နိုင်ငံခြားသားများ နေထိုင်ရန်အတွက် တိုက်ခန်းနှင့် Condo များငှားလိုပါသည်။ စမ်းချောင်း၊ မြို့တွင်း၊ ရန်ကင်းနှင့်ဗဟန်းမြို့နယ် သီးသန့်သာငှားလိုပါသည်။
09 252922207

23 မဆလာ
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ငါး၊ ကြက်သား၊ ဝက်သား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။

ရွှေမြင့်မိုရ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်းများကို ကားဆိုဒ်စုံနှင့် အလုပ်သမားများအပါ မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးပါသည်။
Ph: 09-450093119, 09-263119919, 09-777565619

ဦးသန်းလွင်+ဒေါ်သန်းသန်းမြင့်
မူလပထမ တီဗွီ (1) ကြိုတင်စာရင်းသွင်းပါရန်။
ကားမောင်း၊ စက်ပြင်သင်တန်း
* မ/ဒဂုံယာဉ်မောင်းသင်ကွင်း။
☎:01-706862, 09-73047755, 09-73322177, 09-73235757,
* သိမ်ဖြူကားကက်ဆက်တန်း။
☎:01-201188, 09-73047744, 09-73047766
* (218)၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်းဈေးမှတ်တိုင်။
☎:01-549764, 01-545155
* အမှတ်(3-F)၊ ကန်တော်မွန်အိမ်ရာ၊ လေးထောင့်ကန်လမ်းမကြီး၊ မေဒအိမ်ရာရှေ့၊ သဃ်န်းကျွန်း။ ☎:01-573986, 01-573988

FLOOR WORLD ကြမ်းခင်းအမျိုးမျိုးနှင့် Wallpaper အရောင်းစန်းမ မှ
၁၀၀%ရေစိုခံ Vinyl ကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၂၁/၁)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
Ph : 5091526, 09-5091527

မင်္ဂလာပါ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကားမျိုးစုံဖြင့် အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

~ WHERE DREAMS BEGIN ~
21st ~ 25th JULY 2018
5 DAYS ONLY
Casabella MID YEAR SALE!





Dunlopillo Mattress


Massimo - Fabric Sofa

Dunlopillo LORENZO OSIM SIMMONS massimo GoldCoil Hedgren

UP TO 50% OFF Selected Items
Members will get the chance to win our wheel of fortune additional discount (minimum nett purchase of $300)
HIRE PURCHASE AVAILABLE! BUY NOW PAY LATER!

Casabella Luxury Home Furnishing Centre
One Stop Luxury Home Furnishing Centre
No-22, Pyay Road, 9Mile, Mayangone Tsp, yangon.
01 656162
09 425014565

သီဟလင်း
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
(10',14',16',18',22')ကားများဖြင့်လုပ်သားအပြီးအစီး မြို့တွင်း / နယ်ဝေး ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

"ဌ"
နှင့်ပတ်သတ်သော ပြဿနာများကို အကောင်းဆုံးနှင့် အထိရောက်ဆုံး ကိုင်တွယ်ဖြေရှင်းပေးပါသည်။
Chemical လုံးဝမပါဝင်ပဲ nano နည်းပညာဖြင့် ... green nano ကို အသုံးပြုထားခြင်းကြောင့် ...
Trillion Power Co.,Ltd.
Ph: 0973172777, 09420056018

ရွှေမဟာ
ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09 -5106146
09 -775106146

စိန်ငါးလုံး လိမ်းဆေးရည်
အမှတ်တံဆိပ်
ကြက်နို၊ ငါးမျက်စိ၊ နှင်းခူ၊ အကျိတ်၊ မှဲ့ခြောက်၊ မှဲ့ကြီး၊ အသားပို သီးများနှင့် ခြေသည်းလက်သည်း ညိုမည်းခြင်း၊ အပူလောင်ခြင်း၊ အဆိပ်တက်ခြင်း၊ အနာအမျိုးမျိုးဖြစ်ခြင်း တို့အတွက် "စိန်ငါးလုံး" လိမ်းဆေးရည်ကို လိမ်းပါ။
ပင်ရင်း - ဆ / ၁၀၁၊ မေဟာသီ(၄)လမ်း၊ ရတနာ့ဘုံသီရိဈေးပတ်လမ်း၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။ ☎ - ၀၉၄၂၀၄၀၀၀၅
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။

ဂျူလိုင်
အဆင့်မြင့်ညှော်ရိပ်မွန်
(၅)နှစ်ပြည့်အထူးအစီအစဉ် (20%) Discount
အခန်းတိုင်း ရေပူ/ရေအေး၊ TV၊ ရေခဲသေတ္တာ၊ Air Con, WIFI FREE
အမှတ် | ၃၉၀ |၊ ကားကြီးဝင်းအထက်လမ်း၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး (၁၀)၊ ပြင်ဦးလွင်မြို့။
09-43177563 , 09-33363510

အမေ့အိမ်
အဆင့်မြင့်ညှော်ရိပ်မွန်
အခန်းတိုင်း ရေပူ/ရေအေး၊ TV၊ ရေခဲသေတ္တာ၊ Air Con, WIFI FREE
ရပ်ကွက်ကြီး(၄)၊ (၇)ကွက်၊ မန္တလေး-လားရှိုးလမ်း၊ ပြင်ဦးလွင်မြို့။
085-23018, 09-955569996, 09-955569997

# THE CENTRAL
## WHERE THE FINEST MEETS

By the INYA LAKE




DEVELOPED BY
MARGA LANDMARK

SCAN TO EXPLORE MORE
ABOUT OUR PROJECT


**HOTLINE**
+959 777 773 770
/THECENTRALYANGON

**PROJECT LOCATION**
Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar

**GALLERY SHOWROOM**
No. 7-8, Kabar Aye Pagoda Road, Yankin Township, Yangon, Myanmar.
www.thecentral.com.mm

All information contained herein, including but not limited to statements, drawings, designs, illustrations, photographs, visual representations, models, renderings, areas, specifications, dimensions, plans, graphic materials, features and amenities, depictions of the fittings, finishes, features and other displays in the project, buildings or units (the "Materials") are conceptual and are for reference only to portray artistic impression of the lifestyle that our project aims to create and achieve. All areas and dimensions are approximate measurements subject to final survey, construction variances, and approval by the relevant authorities. Any part or all of the Materials are subject to modification, revision, change or withdrawal at the sole discretion of Marga Landmark Development Co., Ltd. ("Marga Landmark") without any prior notice to any person, and should not be relied upon as representations or warranties, whether express or implied, as to the final details of the project, buildings or units, and consequently cannot and should not form part of a binding offer or contract in respect of the project, buildings or units. Only Myanmar citizens or persons having the investor status in Myanmar may invest in this project. Marga Landmark recommends that interested or relevant persons should seek professional advice. Marga Landmark proposes that interested persons should perform on-site due diligence to gain a better understanding of the development site, its surroundings and nearby public facilities. All intellectual property rights relating to the Materials are owned by, and shall remain the exclusive property of Marga Landmark. Any unauthorized dissemination, reproduction, display or usage of any part of the Materials shall be deemed to constitute an infringement of Marga Landmark's rights, and is strictly prohibited.

# အာဇာနည်နေ့တွင် ရန်ကုန်မြို့ရှိ ဝန်ကြီးများရုံးနှင့် ဗိုလ်ချုပ်ပြတိုက်တို့၌ လေ့လာသူများဖြင့် အထူးစည်ကား



အာဇာနည်နေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၌ လာရောက်လေ့လာသူများကို တွေ့ရစဉ်။

**ရန်ကုန် ဇူလိုင် ၁၉**

(၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး) တိုင်းပြုပြည်ပြုလွှတ်တော်ကျင်းပသည့် အဆောက်အအုံ အစည်းအဝေးခန်းမရှေ့ရှိ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မော်ကွန်းကမ္ပည်းရေးထိုးထားသော ကျောက်စာတိုင်ရှေ့တွင် ယနေ့နံနက် ၇ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် လွတ်လပ်ရေးအတွက် အသက်ပေးခဲ့သည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးခဲ့ရသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများ၊ တက်ရောက်လာသူများက ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် အလံတိုင်တစ်ဝက် လျှော့ချအလေးပြုကြပြီး နှစ်မိနစ်ခန့်ငြိမ်သက်၍ မေတ္တာပို့ အမျှပေးဝေခြင်းတို့ ပြုလုပ်ကြသည်။

ယခုနှစ်ကျင်းပသည့် အာဇာနည်နေ့အခမ်းအနားတွင် ယခင်နှစ်ကကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရသည့် ဝန်ကြီးများ အစည်းအဝေးခန်းကို ဖွင့်လှစ်ခြင်းမပြုဘဲ လာရောက်လေ့လာဂါရဝပြုကြသူများ အပြင်မှ ကြည့်ရှုနိုင်စေရန်အတွက် တီဗွီ၊ ပရိုဂျက်တာများဖြင့် ပြသထားသည်ကို တွေ့ရသည်။

သို့သော် ပြင်ဆင်ထားပြီးဖြစ်သည့် တိုင်းပြုပြည်ပြုလွှတ်တော်ရုံး (ပါလီမန်အဆောက်အအုံ)ကို အများပြည်သူလေ့လာနိုင်စေရန်အတွက် ဖွင့်လှစ်ပေးထားသည်။

"ဗိုလ်ချုပ်တို့ ကျဆုံးတဲ့အခန်းရဲ့ လက်ရှိအခြေအနေကို လာရောက်ကြည့်ရှုကြသူတွေ ကြည့်ရှုနိုင်စေဖို့ လက်မ ၅၀ တီဗွီနှစ်လုံး၊ ပရိုဂျက်တာတစ်လုံးနဲ့ ပြသပေးထားပါတယ်။

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့**



အာဇာနည်နေ့တွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး၌ လာရောက်လေ့လာသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

# ၂၁ ရာစုနှစ်အတွင်း အချိန်အကြာဆုံး လကြတ်ခြင်း ဖြစ်ပေါ်မည်

**ရန်ကုန် ဇူလိုင် ၁၉**

၂၁ ရာစုနှစ်အတွင်း ထူးခြားစွာဖြစ်ပေါ်မည့် အချိန်အကြာဆုံး လကြတ်ခြင်းဖြစ်စဉ်မှာ ဒုတိယဝါဆိုရက်ဖြစ်သည့် ဇူလိုင် ၂၇ ရက် ည သန်းခေါင်ယံအချိန်တွင် ထွက်ပေါ်မည်ဖြစ်ပြီး လကြတ်သည့်ကြာချိန်မှာ ၁၀၃ မိနစ်ကြာမြင့်မည်ဖြစ်ကြောင်း နိုင်ငံတကာသတင်းဌာနများက ထုတ်ပြန်ထားသည်။

ဇူလိုင် ၂၇ ရက်တွင် ဖြစ်ပေါ်မည့် လကြတ်မှုမှာ ဩစတြေးလျ၊ အာရှ၊ အာဖရိက၊ ဥရောပနှင့် တောင်အမေရိကတိုက်ရှိ ဒေသအချို့၌ မှောင်ရိပ်ထင်သက်ရောက်မည်ဖြစ်ပြီး အဆိုပါလကြတ်ချိန်တွင် လ၏အရောင်ကို သွေးရောင်လွှမ်းနေသကဲ့သို့ မြင်တွေ့ရမည်ဖြစ်ကာ လပြည့်ဖြစ်ပေါ်နေခြင်းကို ဇူလိုင် ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်တိုင်တိုင် တွေ့မြင်ရမည်ဖြစ်ကြောင်း သိရသည်။

အချိန်ကြာမြင့်စွာ လကြတ်နေမှုကို တွေ့မြင်ရခြင်းမှာ လသည် ကမ္ဘာကို ဘဲဥပုံစံလမ်းကြောင်းအတိုင်း နာရီလက်တံပြောင်းပြန်လည်သလို လှည့်ပတ်နေပြီး ၎င်း၏ပတ်လမ်းကြောင်းသည် ငါးဒီဂရီခန့် တိမ်းစောင်းပြီး တစ်နာရီလျှင် ၂၂၈၈ မိုင်နှုန်းဖြင့်

**စာမျက်နှာ ၁၄ ကော်လံ ၁ သို့**